# ညွန့်ထားထား

ဆေးတက္ကသိုလ်

## အသိပ်ဖြင့်နူးညံ့သိမ်မွေ့သော



# မိုးကဲ့သို့ ထစ်ချုန်းသော
# နှင့်
# အဆိပ်ဖြင့် နူးညံ့သိမ်မွေ့သော

# ပူးတွဲအစီအစဉ်

## အပိုင်း (၁)

### အခန်း (၁)

"ဝင်္ခ" ဆိုတဲ့ မြားတစ်စင်းဟာ ဘုံ့ရင်ထဲကို အရှိန်ပြင်းစွာနဲ့ ထိုးစိုက်မွေနှောက် ပစ်လိုက်တဲ့ အချိန်ဟာ ဘုံ ယောကျ်ားတစ်ယောက်ကို စတင်ချစ်မြတ်နိုးမိချိန်နဲ့ တစ်ထပ်တည်း ကျပါတယ်။ အဖြစ်အပျက်အားလုံးရဲ့ အစသည် ဘုံ့ရဲ့ စိတ်ပြေလက်ပျောက် ထွက်ခဲ့သော မြို့ကလေးတစ်မြို့တွင် စတင်ပေါ်ပေါက်ခဲ့သည် ။

ထစ်ချုန်းသည် သေဆုံးသွားပြီးမှ ဘုံ့ကို နေ့ညမပြတ် ခြောက်လှန့်

နိုပ်စက်ခဲ့တာ ဖြစ်လေသည် ။ အရက်စက်ဆုံးကတော့ သူ့ရဲ့ နောက်ဆုံး မျက်လုံးကလေးများ နှင့် နှုတ်ခမ်းပေါ်က အဓိပ္ပာယ် ဖော်ရခက်သော အပြုံးစကလေး ဖြစ်၏။ ထိုအရာကလေးနှစ်ခုဖြင့်ပင် ထစ်ချွန်းက တစ်ကြိမ်သာ သေခဲ့ပြီး ဘုံကတော့ အကြိမ်ပေါင်းများ စွာ ထပ်တလဲလဲ အသတ်ခံနေရသည် ။ ဘုံ ဘယ်လိုမှ ရှေ့ဆက်ပြီး အသက်မရှင်နိုင်။

ထစ်ချွန်းက ဘုံ့ကို အိပ်မက်ဆိုးများ ဖြင့် ခြောက်လှန့်သည် ။ ဟားတိုက်သရော်ကာ ထပ်တလဲလဲ အော်ခဲ့သည် မှာ

"မင်း .. တစ်နေ့ ငါ့ဝဋ္ဋ် ကောင်းကောင်း လည်စေရမယ် မြယွန်းဘုံ၊ ငါခံစားခဲ့ရသမျှတွေ မင်း ပြန်ခံစားရမယ်၊ ငါ့ရဲ့ ဝဋ္ဋ်ဆင်းရဲတွေ မင်း ခါးခါးသီးသီး ပွေ့ပိုက်ပေတော့ကွ၊ ငါ ကျေကျေနပ်နပ် သေသွားခဲ့တယ်လို့ များ မင်းထင်နေသလား၊ ငါ့ကို သေတဲ့ အထိ ခွင့်မလွှတ်နိုင်ခဲ့တဲ့ မိန်းမတစ်ယောက်ကို ငါကရော တမလွန်ကနေ ခွင့်လွှတ်နေလိမ့်မယ်လို့ များ မင်းမျှော်လင့်ထား သလား၊ ဝေးစွ .. ဝေးစွထဲကပဲကွ .."

ဘုံသည် ထိုအိပ်မက်များ ထဲတွင် ဆို့နစ်မွန်းကျပ်စွာ တစ္ဆေအစီးခံနေရသလို ခံစားရလွန်းသဖြင့် အိပ်ရမှာ ကိုတောင် ကြောက်ရွံ့ စက်ဆုပ်လာမိသည် ။

ထစ်ချွန်း သေဆုံးရမှုတွင် ဘုံ့ပယောဂ ဘာမှ မပါဟု နောက်ကျောလုံလုံဖြင့် လွတ်မြောက် ပေါ့ပါးချင်လှပြီ။ သို့သော် ဘုံသည် လွတ်မြောက်ခွင့် မရဘဲ ထစ်ချွန်း၏ တစ္ဆေ ခြောက်လှန့်မှုအပေါ် တစ်နေ့တခြား သွေးပျက်ချောက်ချား လာခဲ့၏။

ဘုံ တစ်သက်လုံး ဂုဏ်ယူစွာ ချစ်မြတ်နိုးခဲ့သော ဘုံ့အိမ်လှလှကလေးထဲမှာ ရော .. ဘုံ စိတ်ဆင်းရဲ ငရဲကျခဲ့သော ထစ်ချွန်း၏ အိမ်ကြီးတစ်ဝိုက်မှာ ပါ .. ထစ်ချွန်းရဲ့ အရိပ်တွေ လွှင့်ပျံနေသည် ။ ဘုံ့မျက်နှာသ

ည် တစ်နေ့တခြား သွေးဆုတ်လာတယ်လို့ ဖေဖေနဲ့ မေမေကရော သူငယ်ချင်းတွေကပါ ပြောကြသည် ။ ဘုံ အမှန်တကယ် စိုးရိမ် ကြောက်ရွံ့နေတာ ဖြစ်ပါသည် ။

ထစ်ချုန်းအပေါ် တာဝန်မကျေခဲ့သော မိန်းမတစ်ယောက်အဖြစ် ဘုံ နောင်တရ ကြေကွဲနေရမည်လား .. ဒါမှ မဟုတ် ထစ်ချုန်းရဲ့ မာနကို အပိုင်းပိုင်း ချိုးခြေကာ အနိုင်ရခဲ့သူအဖြစ် နှစ်သိမ့် ရယ်မောနေရမည်လား ဘုံ သေချာစွာ မသိပါ။

ဘယ်လိုမှ သည်းမခံနိုင်တဲ့ အဆုံးမှာ ဘုံ ဖေဖေနဲ့ မေမေ့ထံမှာ ခွင့်တောင်းရပါသည် ။

"ဘုံ ခရီးတစ်ခုခု ထွက်နေပါရစေ ဖေဖေနဲ့ မေမေ .. ဘုံ ရင်ဆိုင်ထားရတဲ့ အရိပ်မည်းကြီးဆီက လွတ်မြောက်အောင် ခဏရှောင်ပြေးပါရစေ . . ဘုံ့ကို တစ်နေရာရာကို သွားခွင့်ပြုပါ .."

ဘုံ အတန်တန် ခွင့်တောင်းတော့မှ ဖေဖေ့ညီမ အပျိုကြီး ဒေါ်လေးငယ်ရှိရာ ထိုမြို့ကလေးဆီသို့ ပို့ပေးခဲ့ခြင်း ဖြစ်သည် ။ ထိုမြို့ကလေးတွင် ဘုံသည် အပျိုစင် ဘဝတစ်လျှောက်လုံးက မရခဲ့ဘူးသော ရင်ခုန်တပ်မက်ခြင်းများ နှင့် စတင်မိတ်ဆက်ခြင်း ခံရသည် ။

တစ်သက်လုံးက အချစ်ဆိုတာ ဘယ်လိုနေသလဲလို့ မတွေးခဲ့သမျှ မျက်လုံးများ အားလုံး စုံကန်းသွားအောင် ကမ္ဘာလောကကြီး တစ်ခုလုံး မှောင်အတိကျသွားအောင် စဉ်းစားဆင်ခြင်နိုင်စွမ်း အားများ ဉာဏ်ပညာ အမြော်အမြင်များ အားလုံး ယိုယွင်းပျက်စီးသွားအောင်ပင် ထိတ်လန့်ပူနွေးစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အဖြစ်မှန်သမျှကို "ဒါ အချစ်ပါပဲ" ဟု ရိုးစင်းစွာပင် မှတ်ချက်ချခဲ့မိပါသည် ။

အသေချာဆုံးကတော့ ဝင့်ဆိုတဲ့ လုပသော မြားတစ်စင်း ဘုံ့နှလုံး

အိမ်သို့ တည့်တည့်မတ်မတ် စူးနစ် ဝင်ရောက်ခဲ့တာ ဖြစ်လေသည် ။

***

ညီညာပြန့်ပြူးသော လမ်းတစ်လျှောက် ခပ်မှန်မှန် ကားမောင်းလာခဲ့သော ဘုံသည် တစ်ဖက်က အရှိန်ပြင်းပြင်းဖြင့် ဘုံ့ကားဆီ တည့်တည့် ပြေးဝင်လာသော စကိတ်တစ်စီးကြောင့် အလန့်တကြား ဘရိတ်ဆောင့် နင်းလိုက်ရသလို စိတ်လည်း တိုသွားသည် ။

စကိတ်သမား၏ ဆံပင်ပုံစံနှင့် မျက်နှာကို အမြင်မှာ တော့ ဘုံသည် ကမ္ဘာလောကကြီး တစ်ခုလုံး ချာချာလည်သွားသလို ခံစားလိုက်ရသည် ။ စကိတ်သမားက သွေးအေးအေးဖြင့် ချွင်းဂဲန်း ဝါးလျက် ဘုံ့ကို စူးစူး စိုက်စိုက် တစ်ချက်ကြည့်ပြီး ဘယ်သူ့ကိုမှ ဂရုမစိုက်သော မျက်နှာပေး၊ ထီမထင်ဟန်ဖြင့် ကိုယ်ကို နွဲ့ခနဲ လွှဲယမ်းကာ စကိတ်စီးမပျက် ဆက်စီး သွားလေသည် ။

ဘုံ မယုံနိုင်။ ပထမတော့ ဘုံ သရဲခြောက်ခံရတာလား .. ဒါမှ မဟုတ် စိတ်စွဲလမ်းလွန်းလို့ ပဲလား .. ထစ်ချုန်းပဲ မသေသေးတာလား .. ဘာကို မှ သဲသဲကွဲကွဲ မသိနိုင်တော့ဘဲ အညှို့ခံလိုက်ရသူလို ငေးငိုင်မင်သက်မိ ကာ ငြိမ်ကျသွားခဲ့သည် ။ သတိပြန်ဝင်လာတော့ ကားပေါ်မှ ကမန်းက တန်း ဆင်းကာ အငမ်းမရ လိုက်ကြည့်မိ၏။

ကိုယ်ခန္ဓာသည် လေထဲတွင် လွင့်မျောနေသော သစ်ရွက်ကြွေကလေး တစ်ခုလို ဝေ့ကာယမ်းကာ ကွေ့ကာဝိုက်ကာနှင့် ပျော့ပျောင်းလှပစွာ စကိတ်သမားသည် ဝေး၍ ဝေး၍ သွားလေသည် ။

ဘုံ သတိထားမိသည် မှာ ဘုံ့ရင်သည် တဖျပ်ဖျပ်ခုန်ကာ စိတ်လှုပ်ရှားလွန်းနေခြင်းပဲ ဖြစ်သည် ။ လောကတွင် လူတူမရှား ဆိုတာကို ကြားဖူးခဲ့သည် မှန်သော်ငြား ဒီလောက် လျင်မြန် ဆန်းကြယ်စွာ ဒီလောက်တိုင်ဆိုင် မှားယွင်းစွာ တစ်ထပ်တည်း ကျဖို့ တော့ မကောင်းပါ။

ထစ်ချုန်း .. ထစ်ချုန်း။ နင် ငါ့ကို လက်စားချေဖို့ များ ပြန်ရောက်လာသလားဟင်။ ဘုံသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ သတိဝင်လာခဲ့ချိန် မှာ ကားကို အရှိန်ပြင်းပြင်း ပြန်ကွေ့ပြီး စကိတ်သမားနောက် ကမူးရှူးထိုး လိုက်ခဲ့မိသည် ။ အမှန်တော့ အဲဒီအချိန်ကစပြီး ဘုံစတင် ဝဋ်လည်ခဲ့ခြင်း ဖြစ်သည် ဟု ပြောချင်ပါသည် ။

သူ့မျက်လုံးများက အေးစက်ကာ သူစိမ်းဆန် လွန်းပါသည် ။ သူ့နောက်က ဘုံလိုက်လာတာကို ဘယ်လိုမှ သဘောမထားသော ဥပေက္ခာ ပြုလွန်းသော အမူအရာဖြင့် လှပဝေ့ဝိုက်စွာ စီးဆင်းဆဲ ..။ ဘုံသည် ရင်ခုန်လွန်းသောကြောင့် ဟွန်းသံရှည်ကြီးတစ်ခု ဆွဲ၍ တီးကာ သူ့ကို စတင်နှောင့်ယှက် လိုက်သည် ။

သူ့ရဲ့ သမင်လည်ပြန် လှည့်ကြည့်လိုက်ဟန်မှာ ထစ်ချုန်းလိုပဲ ဆောင့်ကြွားကြွား ပမာမခန့်၊ တစ်ချက်မျှ လှည့်ကြည့်လိုက်ပြီး သူနှင့် ဘာမှ မဆိုင်သလို ပြန်လှည့်သွားကာ ဆက်စီးသွားပုံမှာ မြွေလိမ်မြွေကောက်လိုပဲ။

ဘုံက သူလိမ်ကောက်တဲ့ အတိုင်း လိုက်မောင်းရင်း ဟွန်းအဆက်မပြတ် တီးသည် ။ ဒါဟာ ရန်စခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းလို့ သူ ယူဆလိုက်တာနှင့် ဘုံနှင့် သူ့အကြားတွင် တစ်ခုခု ရှိပြီဖြစ်သည် ။

သိပ်မကြာပါ။ ဘုံမျှော်လင့်သော တစ်ခုခုသည် ခဏအကြာတွင် စတ

င်ခဲ့သည် ။ သူသည် စိတ်တို၍ ချိုးကုပ်ထားသော မျက်မှောင်ကြုတ်ကြုတ်ဖြင့် ဘုံ့ကားဘေးသို့ ယှဉ်စီးရင်း ဒေါသဖြင့် လှမ်းပြောသည် မှာ ..

"ဘယ်လိုဖြစ်နေတာလဲ .. မင်းမှာ သွားစရာလမ်း ဒီလောက်တောင်ပဲ ရှားနေသလား .."

ဘုံသည် ကားကို အရှိန်လျှော့ပြီး ပြတင်းမှ ခေါင်းပြူလိုက်ကာ ..

"ခုနက မင်းလုပ်တုန်းကရော ကောင်းသလား .. ငါ ဘယ်လောက် အသည်းတုန်သွားတယ် မှတ်လဲ .."

"ရော .. မင်းက လိုက်ပြီး လက်စားချေတာပေါ့လေ အေး .. ပြီးရော .. "

ရုတ်တရက် သူသည် ကားဝင်လို့ မရသော ဖုန်ထူထူလမ်းချိုးတစ်ခုထဲသို့ ဆတ်ခနဲ ချိုးကွေ့ဝင်သွားသောအခါ ဖုန်တထောင်းထောင်း ဖွာသွားပြီး သူကတော့ ဘုံ့ကို တစ်ချက်ကလေးမှ ပြန်လှည့်မကြည့်တော့ဘဲ ဖုန်များကြားတွင် ပျောက်ကွယ်သွားတော့သည် ။

ဘုံသည် အိပ်မက်ထဲမှ လန့်နိုးလာသူလို ဖျတ်ခနဲ ပြန်နိုးလာသည် ။ ဘုံ ဘာတွေ လျှောက်လုပ်ခဲ့မိမှန်း ကိုယ့်ကိုယ်ကို ပြန်မမေးနိုင်လောက်အောင်ပင် တုန်လှုပ်နေခဲ့သည် ။ ထစ်ချုန်း မသေဘူး။ ဟုတ်တယ် .. ထစ်ချုန်းဟာ ဘုံ့ဘဝဆီ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက် လာခဲ့ပြန်ပြီ။

ဘုံ တငွေ့ငွေ့ နောင်တရနေအောင် နောက်ကျောမလုံ ခံစားနေရအောင် တစ်သက်လုံး တထိတ်ထိတ် ဆွေးမြည့်နေရအောင် ပြုစားဖို့ ပြန်လည်ရှင်သန်လာခဲ့ပြန်ပြီ။

ဘုံသည် အိမ်ပြန်ရောက်တဲ့ အထိ စိတ်လှုပ်ရှားမှုတွေ မပြေပျောက်

သေး။ ရေခပ်အေးအေး တစ်ခါက် ကမန်းကတန်း သောက်ချလိုက်သည့် တိုင် ရင်အေးမသွား။ ဘုံဟာ ဒီမြို့ကို ရောက်လာခဲ့တာဟာ ကိုယ့်သေတွင်း ကိုယ်ပြန်တူးဖို့ များ လား မသိ။

"ထစ်ချူန်းတော့ရှိနေပြီ .. ထစ်ချူန်းနဲ့ သိပ်တူတဲ့ လူ တစ်ယောက်တော့ ရှိနေပြီ ဒေါ်လေးငယ် .."

"ဘုံ တွေ့လာခဲ့လို့ လား ..၊ ဟုတ်ကော ဟုတ်ရဲ့ လားဟယ် ..၊ သမီးက အဲဒီကောင်လေး သေပြီးကတည်းက စိတ်တွေက ကယောက်ကယက် ရယ်နော်၊ စိတ်ထဲက သိပ်စွဲလမ်းလွန်းရင်လည်း ဒါမျိုးက ဖြစ်တတ်ပါတယ်အေ စိတ်ထဲက ထုတ်ပစ်လိုက်စမ်းပါ ဘုံ .."

"ဘုံ ထုတ်မပစ်နိုင်ဘူး ဒေါ်လေးငယ် ..၊ ဘုံ သူ့ကို နောက်တစ်ကြိမ် တွေ့ချင်သေးတယ် ..၊ သူ့မျက်နှာက ထစ်ချူန်းရဲ့ မျက်နှာပေးအတိုင်းပဲ ဒေါ်လေးငယ် .. ကိုယ်ဟန်မူရာကလည်း ဆောင့်ကြွားကြွား ကြွပ်ဆတ်ဆတ်ထဲကပဲ .."

"ဒီမြို့လေးက သိပ်မှ မကျယ်ဘဲ သမီး .. နောက်တစ်ကြိမ် တွေ့ဖို့ ကမခက်ပါဘူး။ ခက်တာက ဘုံ နောက်တစ်ကြိမ် မမှားတော့ဖို့ ဘဲ .."

"အဲဒါကလည်း မခက်ပါဘူး ဒေါ်လေးငယ် .."

ဘုံသည် ထစ်ချူန်းသေပြီးသွားတဲ့ နောက်ပိုင်း ပထမဆုံးအကြိမ် ပြုံးလိုက်ခြင်းဖြင့် ဒေါ်လေးငယ်ကို ပြောလိုက်သည် ။

"ဘာဖြစ်လို့ လဲ .."

"ဘာဖြစ်လို့ လဲ ဆိုတော့ .. ထစ်ချူန်းနဲ့ တုန်းကလို သူနဲ့ ရန်မဖြစ်မှာ သေချာလို့ ပေါ့ ဒေါ်လေးငယ် .. ဘုံ သူ့ကို ဘာဖြစ်လို့ မှန်း မသိဘူး .. လိုလားတယ် .."

"ဘုရားရေ .. လိုလားတယ်၊ ယောကျ်ား သေပြီးကာစ မိန်းကလေး တစ်ယောက် အနေနဲ့ ဘုံ ဒီစကားမျိုး မပြောသင့်သေးပါဘူးဟယ် .."

ဒေါ်လေးက အလန့်တကြား ဖြစ်သွားပေမယ့် ခုနကလောက် ပျာယာမခတ်တော့ဘဲ တည်တည်ငြိမ်ငြိမ်ပဲ ဆက်ပြောလိုက်သည်။

"ထစ်ချွန်းနဲ့ တုန်းက ကိုယ့်မာနကို အပိုင်းပိုင်း ချိုးတာကို မခံနိုင်တာရော သူ့အပေါ် ဘုံ့ဘက်က ပြင်လို့ မရလောက်အောင် မှားခဲ့တာတွေရောကြောင့် ဘုံမမြင်နိုင်ခဲ့တာ ဒါပေမဲ့ ဘုံ လိုချင်တဲ့ ဘုံ့ရဲ့ ပုံစံတွေနဲ့ တော်တော်များများ ကိုက်ညီနိုင်တာဆိုလို့ လောကမှာ ထစ်ချွန်းလိုယောကျ်ားမျိုးပဲ ရှိတယ် ..၊ သိပ်မုန်းခဲ့တာ .. သိပ်နာခဲ့တာ .. ခွင့်မလွှတ်နိုင်ခဲ့တာက တစ်ပိုင်းပဲ ဒေါ်လေးငယ် .. ဘုံ့ကို မတရားနည်းနဲ့ သိမ်းပိုက်ခဲ့လို့ သာ .. သူ့ကို သေစေလောက်တဲ့ အထိ မုန်းခဲ့တာ သူ သေသွားပြီးတဲ့နောက် ဘုံ ဘယ်လောက်ခံစားခဲ့ရ သလဲဆိုတာ ဘုံ ကိုယ်တိုင်ပဲ အသိဆုံးပါ .."

ဘုံသည် ထိုနေ့တစ်နေ့လုံး အယောင်ယောင် အမှားမှားတွေသာ လုပ်မိလျက် စိတ်တွေ ရော်ရွက်ဝါလို လွင့်ပါးနေခဲ့သည်။

ထိုမျက်နှာ .. ထိုမျက်လုံး .. ထိုနှုတ်ခမ်း ထိုဟန်ပန်မူယာတွေက ဘုံ့ကို ဖြားယောင်း နှိပ်စက်ခြင်းကို စတင်ခံနေရပြီ ဖြစ်သည်။ ဘုံသည် ထစ်ချွန်းနှင့်တုန်းကလိုပဲ မယုံနိုင်လောက်သော အတွေ့အကြုံများကို စတင်ရင်ဆိုင်ရတော့မည် ဆိုတာကို အလိုလို ကြိုတင်ခံစားနေမိသည်။

ဘုံ့ဘဝသည် ဤမြို့ကလေးတွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲရဦးမည်။ အဲဒါ သေချာလေသည်။

***

ဤမြို့ကလေးသည် သိပ်မကျဉ်းလှသည့်တိုင် သိပ်လည်း မကျယ်ပါ။ ထို့ကြောင့် စကိတ်သမားကို နောက်တစ်ကြိမ် ထပ်တွေ့ဖို့ သိပ်ခဲခဲယဉ်းယဉ်း ရှာဖွေစရာ မလိုခြင်းဖြစ်သည် ။ ပြီးတော့ ဤမြို့တွင် စကိတ်စီးဖို့ အချောမွေ့ဆုံးသော လမ်းမသည် ဤတစ်လမ်းလောက်သာ ရှိသည် ။ ထို့ကြောင့် စကိတ်ကို အပျော်တမ်းပဲဖြစ်စေ၊ ဝါသနာဖြင့် စွဲစွဲမြဲမြဲ စီးသည် ပဲ ဖြစ်စေ .. ထိုစကိတ်သမားသည် ထိုနေရာကို နောက်တစ်ကြိမ်တော့ ပြန်ရောက်လာဦးမည် ဖြစ်သည် ။

ထို့ကြောင့် ဘုံရဲ့ စွန့်စားခန်းသစ်တစ်ခု အနေဖြင့် စကိတ်တစ်စင်း အမြန်ဝယ်ယူလိုက်ခြင်းနဲ့ မနေ့က သူနဲ့ ဆုံတွေ့ခဲ့ချိန် ညနေခင်း နေအေးအေး အချိန်ကလေးတွင် ထိုနေရာသို့ ရောက်ရှိလာခဲ့ပြီး တစ်သက်လုံးက ဘယ်လိုမှ မစီးတတ်ခဲ့သော စကိတ်ကို စတင်အစီးကျင့်ရခြင်းသည် အစဖြစ်ပါသည် ။

အမလေး .. အတော်ခက်ခဲတဲ့ အလုပ်။ မတော်တဆ ချော်ပြီးများ ပါသွားခဲ့ရင် သွားတွေကျွတ် ရင်ကျွတ်၊ ဒါမှ မဟုတ် ခေါင်းကွဲရမယ့် ကိန်းပဲ။ သို့သော် ဘုံ ဘာဖြစ်လို့ ထိုအလုပ်ကို လုပ်မိမှန်း ကိုယ့်ဘာသာ မှတ်ချက်မပေးနိုင်ပါ။ သေချာတာကတော့ ဘုံ သူနှင့် နောက်တစ်ကြိမ် အို .. နောက်တစ်ကြိမ်မက ထပ်မံ ဆုံတွေ့ချင်သေးတာပဲ ဖြစ်သည် ။

စိန်ပန်းနီနီများ လမ်းတစ်လျှောက် နီရဲစွာ ကြွေကျပြန့်ကျဲနေသော လမ်းကလေးသည် တကယ့်ကို ကဗျာဆန်လှပကာ Romantic ဖြစ်ပါသည် ။

ဘုံသည် နှစ်ရက်လုံးလုံး ထိုနေရာကလေးမှ စိတ်ပျက်စွာ ပြန်လာခဲ့

ရသည် ဖြစ်ပြီး သုံးရက် မြောက်သောနေ့တွင် မှ မြားတစ်စင်းလို တလှစ်လှစ် လွင့်လာသော စကိတ်သမားရှေ့တွင် မစီးတတ်သော စကိတ်ကို ကို့ရို့ကားရားစီးကာ ဖရိုဖရဲဖြင့် ပြန်လည် ဆုံစည်းရလေသည် ။

ဘုံရဲ့ အဖြစ်ကို သူ မရယ်မောတောင်မှ စိတ်ဝင်တစားတော့ လှမ်းကြည့်လိမ့်မည်ဟု မျှော်လင့်ထားခြင်းဖြင့် ဘုံက သူ့ဆီ လှမ်းကြည့်နေခဲ့သော်လည်း သူက ဘုံ့ကို အမှတ်တမဲ့ ကလေးတောင် လှည့်ကြည့်ဖော် မရပါ။ ဘုံ မခံချင်စိတ်တော့ ဖြစ်သွားလေသည် ။ ဘုံမှာ ဖြင့် သူနဲ့ ဆုံတွေ့ရဖို့ ကို လုံ့လ စိုက်လိုက်ရတာ ချွေးတွေတောင် ချွဲနစ်နေပြီ။

"ရွှတ် .. ရွှတ် .."

ဘုံကပဲ စတင်၍ ခေါ်လိုက်ပါသည် ။

သူက တစ်ချက်ငဲ့ကြည့်ကာ ဘာလဲ .. ဟု မေးဆတ်ပြ၏။

"မင်းနာမည် .. ကိုယ်သိခွင့်ရှိမလား .."

"မရှိဘူး .."

အံမယ် ..။ ပြတ်သားလှချည့် ..။ ဘုံ့အတွေ့အကြုံထဲတွင် ဒါမျိုးမပါခဲ့ဘူးသဖြင့် ပထမတော့ ရှက်သွားလေသည် ။ ထစ်ချုန်းတုန်းကရော .. ခေါင့်တုန်းကရော .. ဘုံ့ကို မြင်တာနဲ့ လှိုက်လှိုက်လှဲလှဲ ဟက်ဟက်ပက်ပက် ရှိခဲ့တာတွေချည်းပဲ။ တစ်ခါမှ ခုလို လျစ်လျူရှုသလို ဥပေက္ခာပြု ဂရုမစိုက်သလို တစ်ခါမှ မခံစားခဲ့ဘူးသဖြင့် အောင့်သက်သက် ဖြစ်သွားလေသည် ။

"ဒီမယ် .. မင်း ယုံတာမယုံတာ ကိုယ်ဂရုမစိုက်ဘူး သိလား .. ကိုယ် မင်းကို တမင်သက်သက် လိုက်ရောချင်လို့ ရောနေတာ မဟုတ်ဘူး .. မင်းမျက်နှာက ကိုယ့်ရဲ့ အရင်းနှီးဆုံး ယောကျ်ားတစ်ယောက်နဲ့

တော်တော်တူနေလို့ .."

"အဲဒါ ကိုယ် စိတ်မဝင်စားဘူး .. မင်းအကြောင်းလည်း ကိုယ်မသိချင်ဘူး .. ကိုယ်ပြောချင်တာက မင်း စကိတ်မစီးတတ်ဘဲ ဆက်စီးမနေနဲ့ .. သွားတွေကျွတ်ကုန်လိမ့်မယ် .."

"ဒါဆို မင်း ကိုယ့်ကို သင်ပေးပေါ့ .. ကိုယ် လက်ခံပါ့မယ် .."

"ဝမ်းနည်းပါတယ် .. မသင်ပေးနိုင်ဘူး .."

ဘုံသည် တော်တော် စိတ်ဆိုးသွား၏။ လူကိုများ အရောမဝင်ချင်သလို မပတ်သက်ချင် သလိုနဲ့ တော်တော်ညစ်ကျယ်ကျယ် နိုင်ပြီး အညာအတာ ကင်းမဲ့တဲ့ ယောကျ်ားတစ်ယောက်ဟု ဘုံ မှတ်ချက်ချလိုက်သည် ။

"နေပေါ့ .. မင်းသင်မပေးလည်း ကိုယ်ဂရုမစိုက်ပါဘူး သိပ်ကြီးကျယ်မနေပါနဲ့ .."

ထို့နောက် လေသံခပ်တိုးတိုးဖြင့် ဘုံက ဆက်၍ ရေရွတ်ငြီးတွားလိုက်သည် မှာ ..

"သူ့ကိုယ်သူ ဘာများ အောက်မေ့နေလည်း မသိဘူး .."

သူက စကိတ်စီးမပျက်။ ဘုံသည် စကိတ် ဆက်မစီးနိုင်ဘဲ လက်မှိုင်ချကာ ခပ်လှမ်းလှမ်းက သစ်ငုတ်ဆုံကလေးမှာ သွားထိုင်ပြီး သူ လှပဝေ့ဝဲစွာ စကိတ်စီးနေတာကို မေးထောက်လျက်သား ငေးကြည့်နေမိတော့သည် ။ အံ့သြစရာ ကောင်းလှစွာ သူက ဘုံ့ကို တစ်ချက်ကလေးမှ ငဲ့စောင်း၍ မကြည့်သွား ..။

ကြည့်စမ်း ..။ မိန်းကလေးတစ်ယောက်က ဒီလောက် လိုက်လိုက်လျောလျော ဆက်ဆံနေတာတောင် သူက ကိန်းကြီး ခန်းကြီး နိုင်ပြနေတာ ဘာဂရုစိုက်စရာ ရှိသလဲဟု တစ်ချီတော့ စိတ်ဆိုးစရာတွေး

ကာ ထပြန်ဖို့ စိတ်ကူးလိုက်သည် ။ သို့သော် သံလိုက်ဓာတ်တစ်ခုက ဘုံ့ကို အားကောင်းစွာ ဆွဲငင်ထားသည် ။

နောက်ဆုံးတော့ သူ ဤစိန်ပန်းနီ လမ်းကလေးဆီမှ ပျောက်ကွယ်သွားမှ ပင် ဘုံ အိမ်ပြန်ခဲ့ရသည် ။ တကယ်တော့ ဤသို့မဖြစ်သင့်။ တစ်ခုခုတော့ မှားနေသည် ။ ခက်သည် မှာ ဘုံက အဲဒီအမှားကို အမှန်အဖြစ်ပြန်လိုချင်နေခြင်းပဲ ဖြစ်၏။

ဘုံသည် သူနှင့် ရင်းနှီးပတ်သက်ရသော ဘဝတစ်ခုကို အမှန်တကယ် လိုချင်သည် ။ ထစ်ချုန်းရဲ့ နာကျင်ဆွေးမြည့်ခဲ့သော မျက်လုံးတွေ နှုတ်ခမ်းတွေ နေရာမှာ သူ့မျက်နှာကို အစားထိုးချစ်သည် ။

ထစ်ချုန်းကို သေတဲ့ အထိ ခွင့်မလွှတ်ခဲ့ခြင်းဖြင့် ရရှိသော နောင်တတွေထံမှ ဘုံ ခဏဖြစ်ဖြစ် ရှောင်ပြေးချင်လေသည် ။ ထိုစိတ်ဖြင့်ပင် ဘုံသည် ကိုယ့်ကို မလိုလားသော အစိမ်းသက်သက် ယောကျ်ားတစ်ယောက်ထံသို့ စတင်ချဉ်းကပ် သွားမိရက်သား ဖြစ်ခဲ့ရလေသည် ။

တတိယအကြိမ် ဆုံတွေ့ပတ်သက်ရမှုကတော့ အနည်းငယ်ပြင်းထန်ကာ သည်းထိတ်ရင်ဖို ဖွယ် ကောင်းပါသည် ။ အဲဒီနေ့က ဘုံသည် မြို့ထဲသို့ ကိစ္စတစ်ခုဖြင့် အသွား အဝါရောင် အမိုးပွင့်ပြိုင်ကား ပုံစံကားတစ်စင်းသည် ဘုံ့ကို ပွတ်တိုက်သွားတော့မတတ် ကပ်ကာ အရှိန်ပြင်းပြင်း ကျော်တက်ခြင်းဖြင့် ရန်စသွားခဲ့လေသည် ။

ဘယ်တုန်းကမှ သူများကြောတာ မခံနိုင်တဲ့ ဘုံ့ ဗီဇအတိုင်း ထိုကားနောက်သို့ ဘုံ တရကြမ်း လိုက်ကျော်တက်သည် ။ သိပ်မကြာလျှင် ဘုံတို့ကားချင်း ဘေးချင်းဆိုင်မိကြသည် ။ နှစ်ယောက်စလုံး အရှိန်မလျှော့ကြဘဲ ဆက်ပြိုင်မောင်းကြဆဲ။ တစ်ဖက်ပြိုင်ကားမှ ထိုသူငယ်က ဘုံ့ဘက်သို့ တစ်ချက်ကလေးမျှ စောင်းငဲ့၍ မကြည့်။ ဘုံကတော့ တီရှပ်အဖြူ

ပြောင်၊ ဆံပင်ကို ဟဲဗီးမက်တယ်လ် သမားတွေလို ပဝါလှလှဖြင့် ပတ်ထားကာ မျက်မှန်အမည်းဝိုင်းဝိုင်း တပ်ထားသော ဒုတိယ ထစ်ချုန်းကို မြင်ရတာနှင့် ဘယ်လိုမှ အလျှော့ပေးဖို့ စိတ်မကူးတော့။ သရုပ်ပျက်ကာ ခေတ်ရှေ့ပြေး တာကလည်း ထစ်ချုန်းထက်တောင် သာလွန်ချင်ချင်။ ဘုံသည် သက်ပြင်းတစ်ချက် ပြင်းထန်စွာ ချမိသည် ။ ထစ်ချုန်းကို ပြန်ရှင်လျက် တွေ့နေရသလိုပဲ။

ဘုံနှင့်သူ ကားကို သည်းကြီးမည်းကြီး ပြိုင်မောင်းနေသည် မှာ တကယ့်ကို သည်းထိတ် ရင်ဖိုဖွယ် ဖြစ်သည် ။ နှစ်ယောက်စလုံး အနိုင်မခံ အရှုံးမပေး။ ဘုံ့ကားကလည်း ဟိုင်းဝေး မောင်းနေတဲ့ ဒီဇယ်ဗဲန်ပဲ ..။ သူ့ကားကလည်း အင်မတန်လှတဲ့ အမိုးပွင့် ပြိုင်ကားပဲ ..။ သူက သာသွားလိုက် .. ဘုံက သာသွားလိုက် ..။

နောက်ဆုံးတော့ ဘုံတို့ ကားနှစ်စင်းလုံး နောက်မှ ယာဉ်ထိန်းရဲ ဆိုင်ကယ်လ်နှစ်စင်း လိုက်လာခြင်းဖြင့် အဆုံးသတ်လေသည် ။ ဘုံတို့ ကားနှစ်စင်းလုံးကို ရဲကဖမ်းလိုက်သည် ။

"ဘယ်လိုဖြစ်လို့ များ ကားချင်းပြိုင် မောင်းနေရတာလဲဗျာ ..၊ ဒါဟာ သိပ်ကို အန္တရာယ် များ တဲ့ အလုပ်ဗျ"

သူက နှုတ်ခမ်းတင်းတင်း စေ့ထားပြီး ပမာမခန့် မျက်နှာပေးနှင့် ..

"သူပေါ့ဗျ ..၊ မိန်းမတန်မဲ့နဲ့ ကျွန်တော့်ကို စပြီး Challenge လုပ်တာဗျ ..၊ မိန်းမတစ်ယောက် စိန်ခေါ်တာကို ကျွန်တော် ဘယ်ခေါင်းငုံ့ခံလို့ ဖြစ်မလဲ .."

ဟု ထစ်ချုန်းနှင့် တွေ့ခါစက လေသံအတိုင်း ပြောလေသည် ။ ဘုံက သူ့ကို မျက်စောင်း တစ်ချက် ထိုးလိုက်သည် ။

"အို .. မင်းက စကျော်တက်တာပါ .."

"ကျော်တက်တော့ ဘာဖြစ်လဲ .. ဒီမြို့မှာ ငါ့ကားကို ကျော်နိုင်တဲ့ ကား မရှိဘူး .. ဒီတစ်စင်းပဲ ရှိတယ် .."

သူက သူ့ကားကို ဟန်ပါပါဖြင့် ပုတ်ပြကာ ဆောင့်ကြွားကြွားပြော လျှင် ထစ်ချုန်းနဲ့ ဘယ်လောက်များ ရုပ်ရောစိတ်ပါ တူတဲ့ ယောကျ်ားလဲ ဟု မယုံနိုင်လောက်အောင် ဖြစ်ရသည် ။ နောက်ဆုံး ရလဒ်အဖြစ် ဘုံ ရော သူပါ လိုင်စင်အသိမ်းခံရပါသည် ။

ဘုံသည် ကိုယ့်ကို ဥပေက္ခာပြုတာ ခံရလေ ပိုပြီး မခံချင်စိတ်ဖြစ်ကာ သူနှင့်ပတ်သက်ဖို့ ထိပ်ကြိုးစားမိလေသည် ။ ဘုံကို သူမြင်စကတည်းက ခုအချိန်ထိ ဂရုတစိုက် နွေးနွေးထွေးထွေး ဆက်ဆံခဲ့မယ်ဆိုရင်တောင် ဘုံ့ဘက်က ဒီလောက် ဖီး(လ်)ဖြစ်စရာ မရှိချေ ..။

ကိစ္စအားလုံး ပြီးသွားလျှင် သူက ဘုံ့ကို တစ်ချက်ကလေးတောင် နှုတ်ဆက်ဖော်မရဘဲ ကားပေါ် လွှားခနဲ ခုန်ကျော်တက်သွားကာ ခပ် ကြမ်းကြမ်း မောင်းထွက်သွားတော့သည် ။

ဘုံ့စိတ်ထဲ ပထမဆုံး ဖြစ်ပေါ်လာသော စိတ်မှာ အောင့်သက်သက် ဖြ စ်သောစိတ် ဖြစ်၏။ ထစ်ချုန်းတုန်းကလည်း ဘုံ ဒီလိုပဲ မောက်မောက် မာမာ နင့်နင့်သီးသီး အနိုင်ပိုင်း ပြောဆိုထွက်သွား တိုင်း ထစ်ချုန်း ဘယ်လောက် ခံပြင်းအောက်ညစ်ပြီး ကျန်ရစ်မလဲ .. ဘုံ စတင်တွေးမိ လေပြီ ..။

ထစ်ချုန်း .. မြယွန်းဘုံဆိုတဲ့ မိန်းမတစ်ယောက် ဝဋ်လည်နေပြီ ဆို တာကို နင် တမလွန်ကနေ အရသာရှိရှိ ခံစားပါတော့။ ငါ တကယ် ဝဋ် လည်စပြုနေပါပြီ။

*****

## အခန်း (၂)

လောကတွင် နာကျင်အောင် လုပ်ခြင်းသည် အချစ်ဖြစ်သလားဟု မကြာခဏ တွေးမိသူမှာ "ကသစ်နီ" ဟု အမည်ရသော သူမရဲ့ ချစ်သူ "သွေး" ဆိုတဲ့ လူငယ်ကလေးက "ကသစ်" ဟု ခပ်ပြတ်ပြတ် ခေါ်လေ့ရှိသော မိန်းကလေးတစ်ယောက်ပဲ ဖြစ်ပါသည်။

သွေးကို သူမက အမြဲကြောက်ရသည်။ သွေး အနိုင်ကျင့်ခဲ့သမျှကို ငယ်စဉ်ကတည်းက ခေါင်းငုံ့ခံ ကျေနပ်ခဲ့ခြင်းသည် သွေးကို သိပ်ချစ်သောကြောင့် ဖြစ်လေသည်။ သူမ မြင်တွေ့ကြားသိ ရသမျှ ချစ်ပုံချစ်နည်းတွေထဲမှာ သွေးရဲ့ အချစ်က ကြောက်စရာ အကောင်းဆုံး .. မနာလိုသဝန်တိုစိတ် အပြင်းဆုံးဟု မှတ်ချက်ချရပါမည်။ ဒီထက်ပိုပြီး ပြောရလျှင် သွေးရဲ့ အချစ်က စိတ္တဇဆန်ကာ တစ်ဖက်စွန်း ရောက်နေပြီဟု သူမက စွပ်စွဲချင်သည်။

အရိုးရှင်းဆုံး ဥပမာတစ်ခုပဲ ပြရမည်ဆိုပါစို့။ နှစ်ယောက်အတူ သွားရသော ခရီးလမ်းတစ်ခု တွင် တခြား ယောကျာ်းတစ်ယောက်က သူမကို ငေးကြည့်မိလို့ ပဲဖြစ်ဖြစ် .. ဒါမှ မဟုတ် သူမကပဲ တခြား အသိမိတ်ဆွေ ယောကျာ်းတစ်ယောက်ကို ပြုံးပြနှုတ်ဆက်မိသည် ပဲ ဖြစ်စေ .. စက်သေနတ် ပစ်သလို ပြင်းထန်သော ဆူပူသောင်းကျန်းမှုများကို သူမ ခံယူရမြဲ

ဖြစ်သည် ။ ပခုံးကို ဆောင့်တွန်းခံရတာမျိုး၊ ဆံပင်ကိုင်လှုပ်ခံရတာမျိုး၊ လက်မောင်းကို ဖြန်းခနဲ ပိတ်ရိုက်ခံရတာမျိုးတွေ သည် သူမလောကတွင် မဆန်းတော့ချေ။

ချစ်သူချင်း ..၊ ပြီးတော့ လူလူချင်း ဘယ်လိုအကြောင်းမျိုးနဲ့ မှ နာကျင်အောင် မရိုက်သင့်ဟု သူမ မကြာခဏ တွေးမိကာ သူ့အပေါ် နာကျင်စိတ်ဆိုးလည်း အဲဒီစိတ်ဆိုးမှုသည် ခဏပဲကြာသည် ။ သူ့ကို မချစ်ဘဲ မနေနိုင်။ ပြီးတော့ သူ့ရဲ့ ချော့မြူနှစ်သိမ့်မှုများ အောက်တွင် နာကျင်မှုတွေ တိမ်မြုပ် ပျောက်ဆုံးရမြဲ ဖြစ်သည် ။

သူ့ကို ဘယ်လောက်ပဲ ကြောက်ရွံ့ရ စိတ်ဆိုးရစေ နောက်ဆုံးတော့ သူ့ကိုသာ ပြန်ချစ်ရသည် ။ မှတ်မှတ်ရရ တစ်ကြိမ်ပဲ လမ်းခွဲစကား ပြောခဲ့ဖူးသည် ။ သူသည် ရုတ်တရက် ပေါက်ကွဲကာ သူမတို့ စကားပြောနေရာ ကန်စပ်ကနေ သူမကို ဒေါသတကြီး ဆောင့်တွန်းပစ်ချခဲ့ဖူးလေသည် ။ ရေနစ်တော့ မလို အတော်ရုန်းရင်းဆန်ခတ် ဖြစ်ပြီးမှ သူက ပြန်ဆက်ယူပြီး ပြောခဲ့သည် မှာ ..

"နောက်ကို ဘယ်တော့မှ လမ်းခွဲစကား မပြောနဲ့ ကသစ် မင်းကို ငါချစ်ခဲ့တာဟာ လမ်းခွဲဖို့ မဟုတ်ဘူး .. မင်းဟာ ငါချစ်နေလို့ ရှင်သန်နေရတာ .. မင်းကို ငါမချစ်တော့တဲ့ နေ့ဟာ မင်းသေတဲ့ နေ့ပဲ ဖြစ်ရမယ် .. ငါဘာတွေပဲလုပ်လုပ် .. ငါ ဘယ်လောက်ပဲ ဆိုးဆိုး .. အဲဒါ အားလုံးဟာ မင်းကိုချစ်လို့ ဖြစ်တာတွေချည်းပဲ .."

သူ့အသံထဲမှာ အားကောင်းသန်စွမ်းသော ဩဇာ အရှိန်အဝါတွေ ပြည့်နှက်နေခဲ့သည် ။ သူသည် အတော်ထူးဆန်းသော လူတစ်ယောက်ဖြစ်ကြောင်း .. ချစ်သူ စဖြစ်သောနေ့ ကတည်းက သေချာခဲ့ရတာ ဖြစ်သည် ။

ထိုနေ့က သူသည် သူမရဲ့ လက်တွေကို ဝမ်းသာအားရ ဆုပ်ညှစ်ပစ်ခဲ့သည် မှာ အရိုးတွေ ကြေသွားပြီလား ထင်ရလောက်အောင်ပင်တည်း။

ချစ်သူဘဝ သက်တမ်းတစ်လျှောက်လုံးတွင် လည်း သူသည် အမှားမခံတတ်ချေ။ သူသည် စိတ်ဆတ်ကာ သွေးဆူလွယ်သည် ။ အထူးသဖြင့် ယောက်ျားလေးတွေနှင့် ပတ်သက်လာလျှင် သူ ခွင့်မလွှတ်တတ်ပေ။ ဆတ်ဆတ်ထိ မခံ ဖြစ်လာလျှင် သူမကို မူးနောက်သွားအောင် ကိုယ်ကို ချာချာလည် လှည့်ပစ်ခြင်းဖြင့် နှိပ်စက်တတ်သူ ဖြစ်၏။

သို့သော် ဘာပဲဖြစ်ဖြစ် သူ ကြင်နာယုယလျှင်လည်း သူ မတူအောင် ပျော့ပျောင်း သိမ်မွေ့ပါသည် ။ ထိုအခါမျိုးမှာ တော့ သူမက မူးမေ့မတတ် ကျေနပ်ပျော်ရွှင်ရမြဲ ဖြစ်၏။ ပျော်စရာ အကောင်းဆုံး အချိန်တွေကတော့ ညနေခင်းတချို့တွင် သူမတို့ အိမ်နောက်ဘက်ရှိ မီးရထားသံလမ်း တစ်လျှောက် လက်ချင်းချိတ်တွဲကာ လမ်းလျှောက်လျက် စကားတွေ ဖောင်ဖွဲ့ရသော အချိန်တွေပဲ ဖြစ်၏။ ထိုအချိန်ကလေးများ သည် ဘယ်တော့မှ မမေ့နိုင်စရာ။ သူက သူမလက်ကို သူ့ပခုံးပေါ် ထမ်းထားကာ သူမကို သံလမ်းကလေးပေါ် ယိုင်ထိုးယိုင်နဲ့ လမ်းလျှောက်စေသည် ။ ထိုအခါ သူမရဲ့ ဆံပင်ရှည်ရှည်များ လေတွင် လွင့်မျောသည် ကို သူက သိပ်လှတာပဲဟု ဆိုသည် ။

ထိုမီးရထားသံလမ်းကလေးသည် သူမ ဘဝအတွက် ပျော်စရာ အမှတ်အသားတစ်ခု ဖြစ်ခဲ့သလို တစ်ချိန်တွင် မယုံနိုင်စရာ .. ပေါက်ကွဲဝမ်းနည်းစရာ အမှတ်အသားတစ်ခုလည်း ပေါ်ပေါက်လာခဲ့မိလိမ့်မည်ဟု သူမ မမျှော်လင့်ခဲ့ချေ။

သူနှင့် သူမအကြားသို့ မြယွန်းဘုံဆိုသော မိန်းမတစ်ယောက် ဝင်ရောက်မလာခဲ့ချိန်အထိ အစစအရာရာသည် တည်ငြိမ်လှပလျက်ရှိသည်

။ သူနှင့် သူမ၏ တွဲလက်များကလည်း အင်မတန် ခိုင်ခံ့၏။ ဘယ်လို အင်အားမျိုးနှင့်မှ တွန်းဖြုတ် ဖျက်ဆီးလို့ မရ ဟု ယုံကြည်ထားသော လက်နှစ်ခုဆီသို့ လှပသေသပ်စွာ ဝင်ရောက်လာခဲ့သော အင်အားပါသည့် လက်တစ်ဖက်ကို သူမက အငိုက်မိသွားခဲ့တာ ဖြစ်လေသည် ။

တစ်နေ့တွင် ကိုယ့်လက်ထဲက ကိုယ့်ချစ်သူကို လုယူမည့် အမျိုးသမီးသည် သူမ သံသယ ဝင်စရာမရှိလောက်အောင်ပင် လိမ္မာပါးနပ်နေခဲ့သည် ။

သူမတို့ နှစ်ယောက် စတင်တွေ့ကြပုံမှာ အင်မတန် ဆန်းကြယ်လှပကာ ပြောစမှတ်ပြုရ လောက်သည့် အဖြစ်အပျက်တစ်ခုနှင့် ဖြစ်သည် ။ ပြဿနာမှာ သူမ ချစ်သူရဲ့ မွေးနေ့အတွက် မွေးနေ့ လက်ဆောင် ဝယ်စရာ ပိုက်ဆံမရှိခြင်းက စလေသည် ။ ချစ်သူနှစ်ယောက်တွင် သူက အံ့သြလောက် အောင် ချမ်းသာပြည့်စုံပြီး သူမရဲ့ မွေးနေ့တိုင်းတွင် ထိတ်လန့်ဖွယ် ကောင်းလောက်အောင် တန်ဖိုးကြီးသော မွေးနေ့လက်ဆောင်များ ပေးလေ့ရှိသော်လည်း သူ့ကို ပြန်ပေးရသော သူမရဲ့ မွေးနေ့လက်ဆောင်များကတော့ ဘယ်တုန်းကမှ တန်ဖိုးမရှိခဲ့ပေ။

ဒီနှစ်တော့ သူ့ကို သူမ ဘယ်လောက်တန်ဖိုးထား ချစ်မြတ်နိုးသလဲ ဆိုတဲ့ အချက်ကို သူ့အား သက်သေပြတဲ့ အနေနဲ့ သူမ တစ်သက်လုံး တသသ ချစ်ခင်ယုယ တန်ဖိုးထား စောင့်ရှောက်ခဲ့သော၊ လူတကာက တမက်တမော ချီးကျူးခံမင်စွာ ငေးမောကြရသော၊ သူမ ပိုင်ဆိုင်သမျှတွေထဲမှာ တန်ဖိုးအကြီးမားဆုံး ဆံပင်ရှည်ကြီးများကို beauty saloon တစ်ခုတွင် ဖြတ်ရောင်းပြီး သူ့အတွက် လက်ဆောင်ဝယ်ဖို့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည် ။

ဆိုင်က အစ်မကလည်း သူမနှင့် ခင်မင်နေကာ သူမရဲ့ ပိုးကတ္တီပါပြင်

ဖြန့်ခင်းထားသလို နက်မှောင် ပြောင်လက်သော ဘယ်သူ့ဆီမှာ မှ မရှိနိုင်သော ထူးခြားလှပသည့် ဆံပင်ကြီးများကို မျက်စိကျ လိုချင်နေတာလည်း ကြာလှပြီ။

"ဆံပင်ညှပ်ချင်ရင် ဖြစ်ဖြစ် .. ရောင်းချင်ရင် ဖြစ်ဖြစ် အစ်မရဲ့ ဆိုင်ကိုပဲ လာခဲ့ပါ .. ကသစ်လေးရယ် .. ကြိုက်ဈေး ကောင်းကောင်း ပေးပါ့မယ် .. ငါ့ညီမရဲ့ ဆံပင်တွေ တန်ဖိုးမဖြတ် နိုင်အောင် လှလွန်းလို့ ပါ .. တကတည်း .. ခေါင်းလျှော်ရည် ကြော်ငြာတဲ့ ထဲက ဆံပင်တွေထက်တောင် လှသေး .. မမက ဆံပင်အတုပြန်ချုပ်ပြီး မင်းသမီးတစ်ယောက်ဆီ ပြန်ရောင်းမှာ .. ညီမဆံသားမျိုးက ဘယ်လိုရှားမှန်း မသိဘူး .. တွေ့လိုက်ရင် ဖြောင့်တော့ စင်းပါရဲ့ .. ဒါပေမဲ့ တစ်လက်လက် နက်ပြောင်မနေဘူး .. ဒီဆံပင်မျိုးဆို မြင်သူတိုင်း ဝယ်ချင်မှာ ပဲ .."

ဟု တဖွဲ့တနွဲ့ ပြောထားဖူးပြီးသား .. ထိုစိတ်ကူးဖြင့် သူမက ဆံပင်များကို ဖြတ်ရောင်းဖို့ ထိုဆိုင်သို့ လာခဲ့ခြင်း ဖြစ်သည် ။

ထိုင်ခုံတွင် ဝင်ထိုင်ပြီး မှန်ထဲကို မကြည့်မိအောင် မျက်စိစုံမှိတ်ထားလိုက်ကာ ..

"အစ်မရေ .. ကျွန်မ ငွေလိုလို့ ဆံပင်တွေ ဖြတ်ရောင်းတော့မယ် .."

"ဟယ် .. အဟုတ်ပြောတာလား .."

"ဟုတ်တယ် .. မြန်မြန်သာ ဖြတ်လိုက်ပါတော့ အစ်မရယ် .. နို့မို့ဆို စိတ်ပြောင်းသွားလိမ့် မယ် .. ဒါမှ မဟုတ်လည်း ကျွန်မ ငိုမိလိမ့်မယ် .."

ထိုအချိန်တွင် ဆံပင်ပုံသွင်းနေသော အမျိုးသမီးတစ်ယောက်က သူမဆီ တအံ့တသြ လှည့်ကြည့်လိုက်သဖြင့် သူမတို့ နှစ်ယောက် မျက်လုံးချင်း ဆုံသွားကြသည် ။ ထိုမျက်လုံးချင်း ခဏအဆုံတွင် ဘာဖြစ်သွား

မှန်းမသိ သူမက မျက်ရည်ဝဲနေသည် ။

"ဟယ် .. ဆံပင်တွေ နှမြောစရာကြီး .. သိပ်လှတဲ့ ဆံပင်တွေကို ဖြတ်ရောင်းမယ် .. ဟုတ်လား .. အစစ်ထက် ဘယ်ဟာက ပိုကောင်းမှာ လဲ .."

ဟု သူမကို လှမ်းပြောနေတာမို့ သူမကလည်း ဆံပင်များကို မကြည့်မိအောင် မျိုသိပ်ရင်း ..

"ဟုတ်တယ် .. သိပ်တော့ နှမြောတယ် .. ဒါပေမဲ့ ငွေသိပ်လိုနေလို့ ပါ .."

"ဟယ် .. ငွေလိုတာနဲ့ ရောင်းရမယ် .. အဓိပ္ပာယ်မရှိတာ .. ငွေက တခြားနည်းနဲ့ ရှာလို့ ရတာပဲ ဥစ္စာ ဒီဆံပင်တွေကို ပြန်မွေးဖို့ ဆိုတာ ဘယ်လောက် ခက်သလဲ .. ပြီးတော့ မိန်းမရဲ့ တန်ဖိုးဆိုတာ ဆံပင်ကောင်းခြင်းလည်း ပါသေးတယ် .. ညီမရဲ့ မျက်နှာက ဒီဆံပင်ရှည်တွေကြောင့် ကျက်သရေရှိတာ ဖြစ်နိုင်ရင်တော့ မရောင်းပါနဲ့ ဟယ် .. ငွေက ဘယ်လောက်လိုလို့ လဲ"

"နှစ်ထောင်လောက် .."

"အမလေး .. ငွေနှစ်ထောင်နဲ့ ဒီဆံပင်ရှည်ကြီးတွေကို လဲမယ် .. အဓိပ္ပာယ်မရှိတာ .. ကဲ ကျွန်မချေးမယ် အဲဒီငွေကို နောက်တော့မှ ကျွန်မကို ပြန်ဆပ် .."

ဘုံသည် မတရားမှုကို ဘယ်တော့မှ မနှစ်သက်သူပီပီ ငွေနှစ်ထောင်ရင်းပြီး သိပ်လှသော ဆံပင်ရှည်များကို ကယ်တင်ဖို့ ချက်ချင်း ဆုံးဖြတ်ပစ်လိုက်သည် ။ မျက်ရည်ရစ်ဝဲနေသော သနားစဖွယ် ကောင်မလေးရဲ့ မျက်လုံးနက်နက်ကလေးများ ရွှန်းလက်တောက်ပသွားကြကာ ..

"ဟင် .. တကယ်ပြောတာလား .."

"ညီမကို ကျွန်မယုံပါတယ် .. ကျွန်မက ဒီမြို့မှာ ဧည့်သည် ဆိုတော့ အကူအညီတွေ ဘာတွေလိုရင် ညီမဆီက တောင်းမှာ ပေါ့ .. ဆံပင်တွေ ဖြတ်မရောင်းပစ်ပါနဲ့ .. ကျွန်မလည်း ဒီမြို့မှာ သူငယ်ချင်း အသစ်ရှာနေ တာ .. အတော်ပဲ .. သူငယ်ချင်းဖြစ်ပြီပဲ သဘောထားပေါ့ .."

"ဟိုဒင်း .. ဘာပြောရမှန်းတောင် မသိတော့ဘူးတော့ ကျေးဇူးသိပ် တင်တယ် .. တကယ် .. ကျွန်မလည်း လာသာရောင်းရတာ .. စိတ်ထဲက နှမြောလွန်းလို့ အသည်းဆတ်ဆတ်ခါ နာနေတာ ငွေလိုလို့ အဲဒီငွေ ဘာ အတွက် လိုတာလဲလို့ သိရင် .. မမ တကယ်အံ့ဩသွားမယ် .. ကျွန်မချစ် သူအတွက် မွေးနေ့လက်ဆောင် ဝယ်ပေးဖို့ လေ .."

သူမက တိုးတိုးကလေး ပြောလိုက်တာကိုပဲ အမျိုးသမီးက ဘုရားရေ ဟု အကျယ်ကြီး တလိုက်သည် ။

"ဟယ် .. အဲဒီလောက်တောင်ပဲလားတော် .."

ဘုံသည် ဟက်ဟက်ပက်ပက် ရယ်မိတော့မလိုလုပ်ပြီးမှ ပြန် ချုပ်ထိန်းလိုက်ရသည် ။ ဟုတ်တယ် .. အချစ်ကို မရယ်ရဘူး .. မလှောင် ရဘူး .. ဟားမတိုက်ရဘူး ..။ အချစ်ဟာ ခံစားတတ် လာသည် နှင့်အမျှ လူကို မျက်ကန်းတစ္ဆေ မကြောက်သလို ရူးသွပ်မှောင်မိုက်စေတယ် ..။

သူမက အမျိုးသမီးကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြလိုက်ကာ ..

"အဲဒီလောက်ပဲရှင့် .."

ဟု ခပ်သွက်သွက်ကလေး ရေရွတ်လိုက်သည် ။

"ကျွန်မနာမည် မြယွန်းဘုံတဲ့ .. မှတ်ထားနော် .. ညီမ နာမည်ကရော .."

"ကသစ်နီပါ .."

"အင်း .. နာမည်ကလည်း လှ .. လူကလည်း လှ .. ကသစ် ဒီလောက် စွန့်စားစရာတောင် မလိုဘဲ ရှင့်ချစ်သူက ရှင့်ကိုချစ်မှာ ပါနော် .."

သူမတို့ နှစ်ယောက် ဆိုင်ထဲက ထွက်တော့ အတူတူပဲဖြစ်သည် ။ ကသစ်ရဲ့ မျက်နှာက ပြုံးမြနှစ်သိမ့်လျက်ရှိသည် ။

"နောက်မှ ကျွန်မရဲ့ ချစ်သူအကြောင်း အေးအေးဆေးဆေး ပြောပြမယ် သိလား .. သူက ကျွန်မကို သိပ်ချစ်သလောက် သိပ်လည်း သဝန်တိုတတ်တာပဲ .. သူ တစ်ခါတစ်ခါ သဝန်တိုရင် သိပ်ကြောက်စရာ ကောင်းတယ် .."

"ချောလား .."

"အို .. ချောတာပေါ့ .. ယောကျ်ားပီသတယ် .. ခေတ်ရေ့တော့ပြေးတယ် .. သူ့မှာ အဝါရောင် အမိုးပွင့် ပြိုင်ကားကြီး ရှိတယ် .. သိပ်လှတာပဲ ဆရာ .."

ဘုရားရေ ..။ အဝါရောင် အမိုးပွင့် ပြိုင်ကားပိုင်ရှင်ကို ဘုံ ကမန်းကတန်း ပြေးမြင်ကာ ရင်ထဲ ထိတ်ခနဲဖြစ်သွားသည် ။ အဲဒီကားမျိုးဟာ ဒီမြို့မှာ တစ်စင်းတည်းရှိတာ သေချာတယ် ဆိုရင်တော့ သူဟာ ထိုအမျိုးသမီးကလေးရဲ့ ချစ်သူဖြစ်နေပြီ။ ဟင် .. သူ့မှာ ချစ်သူရှိနှင့်နေပြီ။ နှမြောဝန်တိုသော စိတ်သည် ဘုံ့နှလုံးသားပေါ် ဇာပဝါပါးပါးလေး လွှမ်းခြုံလိုက်သလို မှုန်သွားလေသည် ။

"နာမည်က ဘယ်သူတဲ့ လဲ .."

"သွေး .. တစ်လုံးတည်း .."

"ဩော် .. ဩော် .. ကဲ ကသစ်ကို ဘယ်လိုက်ပို့ပေးရမလဲ .. ကျွန်မမှာ ကားပါတယ် .."

"ဒါဖြင့် ကျွန်မကို စတိုးဆိုင်တစ်ခုခုမှာ ချပေးခဲ့လေ ပစ္စည်းဝယ်မလို့ .."

"ကျွန်မ အဖော်လိုက်ပေးလို့ ရမလား .. သစ်က ဘာဝယ်မလို့ လဲ .."

"ဟိုဒင်းလေ .. ဆိုင်တစ်ဆိုင်မှာ တော့ ကြည့်ထားတယ် စပို့ရှပ်လက်ရှည်အိအိကလေး .. လည်ပင်းက အဝိုင်းရှေ့တစ်ဝိုက်မှာ ကြယ်သီးလေးတွေ တန်းစီနေတာ .."

"အော် .. သူငယ်မရဲ့ ဒီစပို့ရှပ်ဝယ်ဖို့ များ ကိုယ့်ဆံပင်တွေကို စတေးပစ်ဦးမလို့ တဲ့ .. ထူးဆန်းပုံများ ကိုယ့်ချစ်သူအတွက် မွေးနေ့လက်ဆောင် ဝယ်တာ အင်္ကျီမဝယ်ရဘူးကွယ့် .. ရေမွှေးဖြစ်ဖြစ် .. ဒါမှမဟုတ် After shave ဖြစ်ဖြစ် .. သူအမြဲသုံးတာ တစ်ခုခုပေါ့ .. အဲဒါမျိုး ဝယ်ပေးရတယ် .. သူ ဘာရေမွှေးသုံးလဲ သိလား .."

"မသိဘူးလေ .. သင်းသင်းအီအီလေးပဲ .. မူးမူးရီရီလေး ဖြစ်စေတယ် .."

"ကဲပါ .. ကျွန်မ လိုက်ဝယ်ပေးမယ် .. လာ"

"ဘုံ့မှာ ချစ်သူရှိလားဟင် .."

"ရှိတယ် .. ဒါပေမဲ့ ချစ်သူ မဟုတ်ဘူး .. ယောကျ်ား .. သူက ဘုံ့ကို ချစ်တယ် .. ဘုံက သူ့ကို မချစ်ဘူး .. ခုတော့ သူသေသွားပြီ .."

"ဟယ် .. သနားဖို့ ကောင်းလိုက်တာ .."

သူမက ရင်ဘတ်ကလေးဖိကာ စိတ်မကောင်းသလို ရေရွတ်လိုက်သည် ။

"ဘုံက သူ့ကို ဘာဖြစ်လို့ မချစ်တာလဲ .."

"သူက သိပ်ကြောက်စရာ ကောင်းလို့ .. အငြိုးကြီးလို့ လက်စားချေ တတ်လို့ .."

"သွေးလောက် ဆိုးမယ်မထင်ပါဘူး .. သွေးက သိပ်သွေးဆိုးတာ .. သူ စိတ်ဆိုးရင် သိပ်ကြောက်စရာ ကောင်းတာ .. ပြောပြရင် ဘုံ အံ့သြ သွားမယ် .. တစ်ခါကဆို ကျွန်မကို ရေကန်ထဲတောင် တွန်းချပစ်ဖူး တယ် .."

"ဟယ် .. ဘာဖြစ်လို့ လဲ .."

"သူ့ကို လမ်းခွဲဖို့ စကားပြောလို့ .."

ထို့နောက် အမျိုးသမီးနှစ်ယောက် ရယ်မောလိုက်ကြလေသည်။

"ဘာဖြစ်လို့ များ သစ်က လမ်းခွဲစကား သွားပြောတာလဲ .. ဟုတ် သားပဲ .."

"အမလေး .. တစ်ခါတစ်ခါကျ သိပ်စိတ်ညစ်ဖို့ ကောင်းတာ ဘုံရဲ့ .. သူ့ကို ကြောက်ရတဲ့ ဒဏ်ကို သည်းမခံနိုင်လောက်အောင်ပဲ .. သူက လည်း သူ့ကိုမချစ်တော့တဲ့ ပုံစံမျိုးပြရင် သိပ် စိတ်ဆိုးတတ်တာ .."

"သစ်ကရော သူ့ကို မချစ်တော့တဲ့ အခါ ရှိလို့ လား .."

"ရှိတာပေါ့ .. တစ်ခါတစ်ခါ သိပ်ချစ်ပေမယ့် .. တစ်ခါတစ်ခါကျ တော့ သိပ်မုန်းတယ် .."

"သစ် .. ဘုံ့အိမ်လိုက်ခဲ့ပါလား .. အေးအေးဆေးဆေး စကားပြောရ တာပေါ့ .."

"အင်း .. ကောင်းသားပဲ .."

ဘုံက နောက်ဆုံးတွင် ‘TRUE LOVE’ အမည်ရှိသော ရေမွှေးပုလင်း

ကလေး ဝယ်ပေးလိုက်သည် ။

"နောက်ကို ပိုက်ဆံလိုတိုင်း ဆံပင်ဖြတ်ရောင်းပစ်ဖို့ စိတ်မကူးနဲ့ တော့နော် .. ဘုံ့ဆီကယူ .. ဘုံ့မှာ ဘာမှ အပို သုံးစရာမရှိဘူး .. အခုလော လောဆယ်တော့ ဘုံ့အိမ်လိုက်ခဲ့ .. ပြီးတော့ ကသစ်တို့ အကြောင်းပြော ပြချင် ပြောပြပေါ့ .. ဘုံ နားထောင်ပေးမယ်လေ"

ဘုံတို့ နှစ်ယောက်သည် အခုမှ စတွေ့ကြပေမယ့် ငယ်ပေါင်းကြီးဖော် တွေလို ရင်းနှီးချစ်ခင် သွားကြသည် ။ သူမကလည်း တန်ဖိုးကြီးသော ရေမွှေးပုလင်းကလေး ချစ်သူကို ပေးခွင့်ရတော့မည့် အတွက် ကျေနပ် နှစ်သိမ့်လျက် ရှိသည် ။

***

"စတွေ့ကြပုံက သိပ်တော့ မဆန်းဘူး ဘုံရဲ့ .. သူရော သူ့သူငယ်ချင်း တွေရော အားလုံးက ဟဲဗီးမက်တယ်လ် ဂိုဏ်းသမားတွေ ကျနေတာပဲ .. ကျွန်မ နောက်ကနေ ဆိုင်ကယ်လ်တွေ ကိုယ်စီနဲ့ လိုက်လိုလိုက် .. သူ့ ပြိုင်ကားနဲ့ လိုက်လိုလိုက် .. ကျွန်မတို့ အိမ် အနောက်ဖက်က မီးရထား သံလမ်း ပေါ်မှာ သီချင်းတွေ လာဆိုလိုက်နဲ့ ကျွန်မလည်း ရှေ့ဆက် နှောင့်ယှက်နေမှာ စိုးတာနဲ့ သူ့ကို ပြန်ချစ်လိုက်တာ ..

စချစ်ခဲ့စက သူ့ကို ဒီလောက်ချစ်တတ် လိမ့်မယ်လို့ မထင်ခဲ့ဘူး ..။ ကျွန်မကလည်း သူ့ကို ဒီလောက်ချစ်သွား လိမ့်မယ်လို့ မထင်ခဲ့ဘူး ..။ ခု တော့ ကျွန်မတို့ နှစ်ယောက်ကြားက သံယောဇဉ်က သိပ်ခိုင်နေပါပြီ ...။

တစ်ခါတလေ သူက အတည်ပေါက် နှိပ်စက်တတ်သေးတာတော့ ..

တစ်နေ့တော့ သူနဲ့ ကျွန်မ အလောင်းအစား တစ်ခုလုပ်ကြတယ် .. ဒါက ရယ်စရာ ပြောပြတာနော် .. သူကပြောတယ် .. နိုင်တဲ့ လူက ခိုင်းတာကို ရှုံးတဲ့ လူက မငြင်းစတမ်းတဲ့ .. ကျွန်မကလည်း ကောင်းပြီပေါ့လေ .. အမှန်က အဲဒီအလောင်းအစားဖြစ်အောင် ကျွန်မကပဲ စပြီး ပြဿနာရှာ တာပါ ..

သူတို့ က ချမ်းသာပြီး ကျွန်မတို့ က ဆင်းရဲတော့ သူ့အိမ်က သဘော တူမှာ မဟုတ်ဘူး ပေါ့ .. သူက ဘာဖြစ်လို့ မတူရမှာ လဲတဲ့ ၊ သူ ယူမယ့်မိ န်းမဆိုရင် သူ့အမေက မငြင်းဘူးတဲ့ .. အဲဒါနဲ့ အိမ်ခေါ်သွားရော .. အ လောင်းအစား လုပ်ပြီးတော့ပေါ့ .. ကျွန်မက ရင်တထိတ်ထိတ်နဲ့ ပေါ့ .. သူ့အမေက ကျွန်မကို ဘယ်လိုများ ပစ်ပစ်ခါခါ ပြောပစ်လိုက်မလဲပေါ့ သူတို့ က သိပ်ချမ်းသာတာ ဘုံရဲ့ .. ကျွန်မထင်ထားတာထက်တောင် ပိုချ မ်းသာသေးတာ ..

အိမ်ရောက်တော့ သူ့အမေက ပြုံးပြုံးပဲ ဆရာ သူ့သားလုပ်သမျှ အား လုံးကောင်းသည် ထဲကပဲ .. သူက ကျွန်မကို လက်ထပ်မယ့် အကြောင်း သူပအမေကို ပြောပြတော့ .. သားသဘောပဲတဲ့ .. အဲဒီတော့ ကျွန်မ ရှုံး သွားတာပေါ့နော် .. ရှုံးသွားတဲ့ အတွက် သူခိုင်းသမျှ ကျွန်မ လုပ်ရတော့ တာပေါ့ .. သူက ဘာများ လုပ်ခိုင်းတယ်ထင်လဲ ဘုံ .. တွေးကြည့်ပါဦး .. "

သူမ မျက်နှာမှာ တဖြည်းဖြည်း ရယ်ချင်စိတ်ဖြင့် သွေးရောင်လျှမ်း လာကာ .. ကိုယ်ကလေး လှုပ်ပြီး တသိမ့်သိမ့် ရယ်မောလေသည် ။

"ဘာလဲ .. ဘာများ လုပ်ခိုင်းလို့ လဲ .. အမလေး ရယ်နေလိုက်တာ ဘုံ လည်း ရယ်ပါရစေဦး .."

"သိပ်ဆိုးတာပဲ သိလား .. ကျွန်မကို မုန့်ဟင်းခါး ဆိုင်တစ်ဆိုင်ကို

ခေါ်သွားတယ် .. ပြီးတော့ လက်ဖက်ရည် အကြမ်းပန်းကန်လုံးထဲ ငံပြာရည်တွေ တစ်ဝက်နီးနီး လောင်းထည့်ပြီး .. အဲဒါကို သောက်ခိုင်းတယ်"

"ဟယ် .. သေတော့မှာ ပဲ တကယ် သောက်ရလို့ လား"

"သောက်ရတာပေ့ါ .. သူက ခိုင်းတာကိုး .."

ဘုံသည် ဟက်ဟက်ပက်ပက် ရယ်မိလေသည်။

"ကိုယ့်ချစ်သူကို အဲဒီလောက် ရက်စက်ရသလား ဟယ် ငံပြာရည်တွေ သောက်ခိုင်းရတယ် လို့ "

"သူမှန်ရင် ဘယ်တော့မှ လျှော့မပေးဘူး ဘုံရဲ့ .. ချစ်သူမကလို့ ဘာပဲဖြစ်ဖြစ် .. အဲဒါကြောင့် ကျွန်မက ကြောက်ရတာ .."

"အေးလေ .. ဘယ်လိုလူပါလိမ့် .."

"အံမယ် .. နောက်တစ်ခါ ရှိသေးတယ် .. အဲဒါက ဘောလုံးပွဲလောင်းတာ .. ကျွန်မတို့ နှစ်ယောက်က တွေ့လိုက်ရင် အလောင်းအစား တစ်ခုခုတော့ အမြဲလုပ်နေကျလေ .. ဘောလုံးပွဲ လောင်းတာ ကျွန်မ ရှုံးသွားပြန်ရော .. ဒီတစ်ခါ သူ ဘာလုပ်ခိုင်းတယ်လို့ ဘုံထင်သလဲ .."

"လာပြန်ပြီ .. ဘယ်သိမှာ တုန်း .. ရှင့်လူက ဒီလောက် မထင်မှတ်တာတွေ လုပ်ခိုင်းနေတဲ့ ဥစ္စာ .."

"ရထားသံလမ်းပေါ် လှဲအိပ်နေခိုင်းတာတော့် .. ရထားကလာတော့မယ် .. ရထားလာမှ သူဆွဲထူမယ်တဲ့ "

"အမလေး .. အသည်းယားဖို့ ကောင်းလိုက်တာ .."

"ပြောမနေနဲ့ တော့ .. ကျွန်မမှာ ရင်တထိတ်ထိတ်နဲ့ တကယ် လှဲအိပ်နေရတယ် .. ရထားလာသံလည်း ကြားနေရတယ် .. သူကလည်း ရထား

သံလမ်းပေါ် ခပ်အေးအေးပဲ .. ကျွန်မနဲ့ အတူအိပ်နေတာ .. ကျွန်မက ဒီလို မဆော့ကောင်းပါဘူး ပြောလည်း မရ .. မတော်တဆဆိုတာ ပြောလို့ရတာမှ မဟုတ်တာ .. ရထားခေါင်းတွဲကို လှမ်းမြင်ရမှ သူက ကျွန်မကို ဆွဲထူပြီး ထပြေးတယ် .. အဲဒီလောက် ပေါက်ပေါက်ရှာရှာ နိုင်တဲ့ လူ ဒါပေမဲ့ ..

အဲဒီလို ထူးထူးဆန်းဆန်းတွေ သူလုပ်တတ်လို့ ပဲ ကျွန်မ သူ့ကို စွဲလမ်းလာတာ .. သူက ဘယ်သူနဲ့ မှ မတူဘူး .. တစ်မျိုးတစ်ဘာသာ ခွဲထွက်နေတာ"

ဘုံသည် တိတ်ဆိတ်စွာပင် ပြုံးလိုက်မိသည် ။ တူပ့ါတူပ့ါ ..။

"အေးလေ .. ကြုံတဲ့ အခါ မိတ်ဆက်ပေးဦးလေ .. နော့ .."

"အင်း .. ပေးမှာ ပေ့ါ .. ခုတော့ ကျွန်မ ပြန်ဦးမယ် နောက်တွေ့ကြတာပေ့ါနော် .."

သူမတို့ တွေ့ဆုံပုံကတော့ အဲဒီအတိုင်း ဖြစ်သည် ။

*****

## အခန်း (၃)

မိုးဖွဲကလေးများ တဖွဲဖွဲကျသော လှပသည့်နေ့ကလေး တစ်နေ့တွင် မထင်မှတ်သော အခွင့်အရေးတစ်ခုကို ဘုံ စတင်ရရှိခဲ့သည် ။ အဲဒါက

တော့ သူ့ရဲ့ ပြိုင်ကားအဝါကလေးပေါ် တက်စီးခွင့် ဖြစ်၏။ အဲဒီနေ့က ဘုံ့ကား စက်ရပ်သွားပြီး ဘယ်လိုမှ ပြန်နှိုးလို့ မရတော့ခြင်းနှင့် ကား ပေါ်ကဆင်းပြီး ဘာမှ လည်း မလုပ်တတ်ဘဲ ဟိုဟိုဒီဒီကြည့်ကာ လမ်းမ ပေါ် အကူအညီရလို ရညား ရှာဖွေဆဲ..။ ကိုက်တစ်ရာ အကွာလောက်က တည်းက ထင်းနေအောင် ပေါ်လွင်သော သူ့ကားကို ရုတ်တရက် တွေ့လို က်ရခြင်းတို့ သည် ဘာမှ ကြိုတင် ကြံရွယ်ထားခြင်း မရှိပါဘဲနှင့် လှပစွာ ပင် ဖြစ်ပျက်သွားတော့သည် ။

ဘုံက ကားလမ်းရှေ့မှ ပိတ်ရပ်ကာ ကားကို လှမ်းတားလိုက်သည် ။ ဘုံနှင့် သုံးပေလောက် အကွာကျမှ ကားက ဘရိတ်ဆောင့်နင်း ခံရသလို ဆောင့်ရပ်သွားသည် ။

"ဘာလဲကွ .. ကားရှေ့ကနေ .."

"အကူအညီ ပေးစမ်းပါ .. ကိုယ့်ကား ဒေါင်းသွားပြီ ဘာဖြစ်မှန်း လည်း မသိဘူး .."

သူက ရှုံ့မဲ့လိုက်ကာ ..

"ငါလည်း ဘာမှ မလုပ်တတ်ဘူး .. ဝပ်ရှော့သမား ဖုန်းဆက်ခေါ်ပေါ့ .."

"မသိလို့ ပါ .. အိမ်ရောက်မှ ဖုန်းဆက်ခေါ်မယ် .. ဒါဖြင့်လည်း ကျွန် မအိမ်တော့ လိုက်ပို့ပေးပေါ့ .. လမ်းကြုံနေတဲ့ ဥစ္စာ .."

"ဟာ .. မင်းအိမ်မှ ငါမသိဘဲ .."

"လုပ်မနေနဲ့ .. မင်း စကိတ်လာစီးနေတဲ့ လမ်း .."

"ခက်တာပဲ .. လိုက်မပို့ပေးနိုင်ဘူး ဆိုရင်ကောကွာ ဒီကားက ငါ့ချစ် သူမိန်းကလေးက လွဲပြီး ဘယ်မိန်းမမှ တင်မခေါ်ဖူးဘူးကွ .."

"အမလေး .. ကြီးကျယ်လိုက်တာ .. မိုးရွာနေလို့ အကူအညီတောင်း ရတာ .. ဒီလောက် လူမှုရေး ခေါင်းပါးနေလဲနေ .."

"ဒါ တက္ကစီ မဟုတ်ဘူး .. တက္ကစီ လှမ်းတားလိုက်ပေါ့"

ခပ်အေးအေးပင် ပြောကာ သူက ဘုံ့ကို ကျွေ့ဝိုက်ပြီး ဆက်မောင်း သွားမည့် ဟန်ပြင်စဉ် ဘုံသည် စိတ်ဆိုးကာ ..

"အဲဒီလောက် စိတ်ပုပ်တဲ့ လူ ကသစ်နီနဲ့ ကို မတန်ဘူး"

ဟု အော်လိုက်သည် ။ "ကသစ်နီ" ဆိုတဲ့ နာမည်လည်း ကြားရော ကားကို ဘက်(ခ်) ပြန်ဆုတ်လာကာ ..

"ဘာပြောတယ် .. ကသစ်နဲ့ မင်း သိနေလား .."

"သိတာပေါ့ ..။ သိတဲ့ အပြင် မင်းအကြောင်း တိုင်ကိုပြောဦးမယ် .. ဒီ လောက် အညှာအတာ မဲ့တဲ့ လူ .."

"ကဲ .. တက် .. တက် .. ကသစ်နဲ့ သိနေတဲ့ အတွက် လိုက်ပို့ပေးမယ် . ."

သူက အသာတကြည် ခွင့်ပြုလိုက်မှ ဘုံ ကားပေါ်တက်ခွင့်ရပါသည် ။ ဘုံသည် ကိုယ့်ကို ယောကျ်ားတစ်ယောက်က မတူသလို မတန်သလို ရှိ လေတယ်လို့ မအောက်မေ့သလို ဆက်ဆံတာခံရဖို့ ဒီမြို့ကလေးဆီ ရော က်ရှိလာတာ မဟုတ်တာတော့ သေချာပါသည် ။

"ဒီမှာ မောင်သွေး .. မင်း ကိုယ့်နာမည်တော့ သိထားသင့်တယ် .."

"ဟ .. ငါ့ကို မောင်သွေးလို့ မခေါ်နဲ့ ကွ .. သွေးပဲ အမြဲရဲရဲနီနေတဲ့ သွေး .. မင်းနာမည် ကိုယ်ဘာလုပ်ရမလဲ .. မသိချင်ဘူး .. နောက်လည်း မိတ်ဆွေဖြစ်မှာ မဟုတ်ဘူး .."

"ဘာဖြစ်လို့ မိတ်ဆွေ မဖြစ်ရမှာ လဲ .. မင်းစကားတွေက ရင့်သီး လွန်းပါတယ် .. နည်းနည်း လျှော့ဦး .."

သူက စိတ်မရှည်တော့သလို နှုတ်ခမ်းတင်းတင်း စေ့ကာ ကားထဲက ဓာတ်ပြားကက်ဆက်ကို စူးရှနေအောင် ဖွင့်ပစ်လိုက်သည် ။ ပုံစံက မိန်း မတစ်ယောက်ကို အဖက်မလုပ်ချင်တဲ့ သဘော ..။

"ဒီမယ် .. ကျွန်မနာမည် မြယွန်းဘုံ .. ရှင် မှတ်ထားလိုက် .. တစ်နေ့ ရှင် ရင်းရင်းနှီးနှီး ဖြစ်လာရမယ့် နာမည် သိလား .."

ဘုံက ခပ်ဆတ်ဆတ် ပြောလိုက်သည် ။ သူက ဘာမှ ပြန်မပြောပါ။ ကက်ဆက်ကို အသံကုန် ပြန်တင်သည် ။ ပုံစံကိုက မထိတထိ ကိုင်ဆော င့်ပစ်ချင်စရာ။

ဘုံ့ခြံရှေ့လည်း ရောက်ရော သူက ကားထိုးရပ်ပစ်လိုက်ပြီး ဘုံ မ မျှော်လင့်သော စကားတစ်ခွန်း လှမ်းပြောသည် ။

"ငါ့ကောင်မလေးအပေါ် ငါ သစ္စာရှိချင်တယ် .. ဒါကြောင့် တခြား မိန်းကလေးတွေ အပေါ် ငါဆက်ဆံတာ ရိုင်းချင်ရိုင်းသွားမယ် .. အဲဒီ အတွက် ဆောရီးပဲ .. မြ .. ဘာ .."

"မြယွန်းဘုံ .."

"အေး .. ပြီးရော .."

ပြောပြောဆိုဆို သူက ကားကို တရကြမ်း နောက်ပြန်ဆုတ်ကာ ဘုံ့ ဘက် တစ်ချက်ကလေးမှ လှည့်ကြည့်ဖော် မရဘဲ မောင်းထွက်သွား တော့သည် ။ ဘုံသည် မချင့်မရဲဖြစ်လျက် ကျန်ရစ်သည် ။ ဒီလိုမဖြစ်သင့် ဘူး။

ထစ်ချုန်းဟာ ဘုံ့ကို ဘုံကိုယ်တိုင်တောင် မယုံနိုင်လောက်အောင်

ချစ်ပြသွားခဲ့တာ။ ထစ်ချုန်းနဲ့ သိပ်တူတဲ့ နောက်ထပ် ယောကျ်ားတစ်ယောက်က ဘုံ့ကို ဘာကြောင့် မချစ်နိုင်ရမှာ လဲ။ ပြီးတော့ ဘုံဟာ ထစ်ချုန်းနဲ့ တုန်းက ပစ်ပစ်ခါခါ နေနိုင်ခဲ့သလောက် ဒီတစ်ယောက်နဲ့ကျမှ ဘာကြောင့် ဣန္ဒြေမရ ဖြစ်နေရသလဲ။ ဘုံ့ကိုယ့်ကို ပြန်မယုံနိုင်တော့ ဘုံ့ရဲ့ စောင့်ထိန်းတတ်မှုတွေ ဣန္ဒြေသိက္ခာတွေ ဘယ်ရောက်ကုန်ပြီ မသိ။

သေချာတာကတော့ ထစ်ချုန်းခံစားရတဲ့ အတိုင်း တစ်ထပ်တည်း ဘုံလည်း ခံစားနေရပြီ ဖြစ်သည် ။

လူလူချင်း ဘယ်သူကမှ မတူသလို မတန်သလို အဆက်ဆံ မခံချင်ကြပါ။ အဲဒီလို အဆက်ဆံ ခံရပြီဆိုရင်လည်း အဲဒီခံစားရမှုရဲ့ နောက်ကွယ်မှ ပေါ်ပေါက်လာတာသည် မခံချင်စိတ်နှင့် နာကြည်းမှု ဖြစ်သည် ။ အဲဒီစိတ်က အဲဒီလူကို ဘယ်လောက်ချစ်ချစ် အချစ်စိတ်ထက်တောင် ပို၍ အားကောင်း နေတတ်သေးသည် ။ အဲဒီစိတ်နဲ့ ပဲ လူသည် မကြံစည်အပ်တာကို ကြံစည်ပြီး တစ်ဖက်လူရဲ့ မာနကို ရိုက်ချိုးဖို့ နည်းပရိယာယ်သစ်များ ရှာဖွေလာတတ်ခဲ့တော့တာ ဖြစ်သည် ။

ဘုံသည် သူ့ကိုမြင်မြင်ချင်း တုန်လှုပ်ချောက်ချားသွားခဲ့ပြီး မယုံနိုင်သော ခံစားချက်ကို ရရှိခဲ့သည် ။ အဲဒီခံစားချက် ပေါ်ပြီးနောက်တွင် ဘုံသူ့ကို မမြင်ရ မနေနိုင် စွဲလမ်းသွားခဲ့သည် ။ ကသစ်ထံမှ သူ့စရိုက်အဆန်းများကို ကြားရသောအခါ သူ့အချစ်ကို အရူးအမူး ခံယူချင်လာသည် ။ သူက အရေးမစိုက် လျစ်လျူရှုတာ ခံရသောအခါ မာနထိပါးလာသည် ။ ထိပါးလာသော မာနက တုံ့ပြန်မှုတစ်ခုခု ပြန်ပေးချင်လာသည် ။

မြယွန်းဘုံဟာလည်း အစွမ်းအစရှိတဲ့ မိန်းမတစ်ယောက်ပဲ။ တစ်နေ့တော့ သူသည် ဘုံ့အကြောင်း သိမြင်လာစေရမည်။

အနည်းငယ် ရိုးအပြီး အလိုလို ကြောက်ရွံ့နေတတ်ကာ ထုံတဲ့ ဘက် တောင် ရောက်ချင်နေသော ကသစ်နီနဲ့ ဘုံ့ကို ယှဉ်ပြီး မြင်တတ်လာတဲ့ တစ်နေ့မှာ သူ စိတ်ပြောင်းလာစေရမည်။

***

ဘုံ ပထမဆုံး စတင် ရွေးလိုက်သော ပရိယာယ်မှာ အတော်လေး ထိ ရောက်ပြီး လှပပါသည် ။ ဘုံသည် သူ့ဆီ တိုက်ရိုက် ချဉ်းကပ်သော နည်း ကို အလျင်စလို ထုတ်မသုံးပါ။ အလွယ်တကူနဲ့ ပိုလည်း ထိရောက်စေမ ည့် နည်းလမ်းကိုသာ ရွေးချယ်ခဲ့ခြင်း ဖြစ်သည် ။ အဲဒါကတော့ ထစ်ချုန်းရဲ့ ဓာတ်ပုံများကို ဘုံ့အခန်းနံရံများ တွင် နေရာအတော်များ များ ကပ်ပစ်လိုက်တာပဲ ဖြစ်၏။ ဓာတ်ပုံများ ကပ်ပြီး ဆယ်ရက်မြောက် နေ့တွင် ကသစ်နီသည် ကံဆိုးစွာပင် မျက်စိလည် လမ်းမှားပြီး ဘုံ့အိမ်သို့ အလည်အပတ် ရောက်လာခဲ့သည် ။ ရေမွှေးတစ်ပုလင်း ရင်းနှီးရကျိုး အတော်နပ်ပါသည် ။

"ဘုံနဲ့ စကားပြောချင်တာနဲ့ လာခဲ့တာ ..၊ ဘုံ အားရဲ့ လားဟင် .."

"အားပ့ါတော် .. ကဲ .. လာ အခန်းထဲ သွားမယ် ကသစ် .. ကျွန်မ အခ န်းထဲ မရောက်ဖူး သေးဘူးနော် အေးအေးဆေးဆေး ခုတင်ပေါ် အိပ်ပြီး စကားပြောကြတာပေ့ါ ..၊ ရှင့် ရည်းစားချော အကြောင်းပဲ ဖောက်သည် ချမှာ မဟုတ်လား .. နေဦး အခန်းထဲ ဝင်နှင့် .. ဒေါ်လေးငယ်ရဲ့ လက်ရာ .. လက်ဖက်သုပ် သိပ်ကောင်းတာပဲလို့ သွားမြှောက်ပင့်ပြီး လက်ဖက် သုပ် သုတ်ခိုင်းလိုက်ဦးမယ် .."

ဘုံက ကျေနပ်စွာ ပြုံးမိသေး၏။

မအူမလည် ကောင်မလေးကို လှည့်စားရတာဟာ ကြောင်က ကြွက်ကလေးကို မသေမရှင် ဖြစ်အောင် ကစားရသော ပျော်ရွှင်မှုမျိုးလိုပဲ ခံစားရပါသည် ။ ကောင်မလေးကို အခန်းထဲ သွင်းပို့ တံခါးပိတ်ထားခဲ့ပြီး .. ပခုံးကလေးပင် တွန့်လိုက်မိသေးသည် ။ ကသစ် စိတ်တိုင်းကျ ခံစားပေတော့။

ဘုံသည် တစ်ဖက်ခန်းရှိ ချောင်းပေါက်ကလေးဆီမှ ကောင်မလေးရဲ့ အခြေအနေကို ချောင်းကြည့်သည် ။ ကောင်မလေးရဲ့ မျက်နှာသည် သနားစရာ ကောင်းလောက်အောင် ဖြူလျော် သွေးဆုတ်ကာ နံရံရှိ ဓာတ်ပုံများကို တစ်ပုံချင်း လိုက်ကြည့်လျက်ရှိသည် ။ ဘုံက ကောင်မလေးအတွက် အချိန် ဆယ်မိနစ်လောက် ပေးလိုက်သည် ။ ဆယ်မိနစ်လောက် နေမှ ဒေါ်လေးငယ်ကို လက်ဖက်သုတ်ခိုင်းပြီး အခန်းထဲသို့ ဘုံ ပြန်ဝင်လာခဲ့သည် ။ ဘုံဝင်သွားတော့ ကသစ်သည် အတော် မျက်စိမျက်နှာပျက် ဖြစ်လျက်ရှိပြီ ..။

"ဟိတ် .. ပျင်းနေပြီလား ကောင်မလေး .."

"ဘုံ .. ဒါ .. ဒါ .. ဘယ်သူ့ပုံတွေလဲဟင်"

ဘုံသည် နံရံရှိ ဓာတ်ပုံများကို အမှတ်တမဲ့ပဲ လှမ်းကြည့်လိုက်ကာ ကောင်မလေးရဲ့ ဆံပင် ပိုးသားမျှင်လေးတွေကို ဆော့ကစားလိုက်ပြီး ..

"ဟိတ် .. ဒါ .. ကျွန်မရဲ့ Top Secret ကိစ္စရှင့် .. ခု ပြောမပြချင်သေးဘူး .. အချိန်တန် တော့မှ ပြောပြတာပေါ့ .. အခုတော့ နည်းနည်းလေး ပြောပြထားမယ် .. တစ်နေ့ သူနဲ့ ကျွန်မ လက်ထပ်ဖြစ်ချင် လက်ထပ်ရလိမ့်မယ် .."

"တကယ် .."

ကောင်မလေးရဲ့ မျက်လုံးများ ဝိုင်းစက်သွားလေသည် ။ အမူအရာကလေးလည်း ပျာသွားကာ ..

"ဘယ်လိုပုံစံနဲ့ လက်ထပ်ဖြစ်ကြမှာ လဲဟင် .. လူကြီးချင်း သဘောတူကြတာလား .. သူ့သဘောကရော .."

ဘုံက ကောင်မလေးကို နှစ်သိမ့်ပြုံးလေး ပြုံးပြလိုက်သည် ။

"စကားဆိုတာ အကုန်ပြောမထားရဘူး ကသစ်ရဲ့ .. လှည့်ကွက်ဆိုတာ လူတိုင်းမှာ ရှိတယ် .. ဒါ ကျွန်မရဲ့ လျှို့ဝှက်ချက်ပါလို့ ရှင့်ကို ပြောထားပြီးပြီလေ .."

ကောင်မလေးသည် စိတ်ပျက်နွမ်းနယ်သွားသော မျက်နှာကလေးဖြင့် သက်ပြင်းတစ်ချက် တိုးတိတ်စွာ ချလိုက်သည် ။

"ကဲ .. ပြောပါဦး .. ရှင့်အချစ်အကြောင်း .. ဪ .. ရှင့်အတွက်တောင် ကျွန်မ အင်္ကျီတစ်ထည် လက်ဆောင်ပေးဖို့ ဝယ်ထားသေးတယ် .. ရှင်နဲ့ သိပ်လှမှာ .."

ဘုံသည် မြင်ရုံနဲ့ တန်ဖိုးကြီးမှန်း သိသာစေသော အင်္ကျီအနီရဲရဲကလေးကို သူမထံသို့ လှမ်းပေးလိုက်သည် ။ ဟန်မဆောင်တတ်သော ကောင်မလေးသည် ရုပ်ပျက်ဆင်းပျက်ပင် ခေါင်းငိုက်စိုက် ချထားလျက်ရှိသည် ။

"ကဲ .. ပြောလေ .. ရှင်ပြောချင်တာတွေ ရှိတယ်ဆို"

"သူက .. ကျွန်မအပေါ် မတရားဘူး ဘုံရယ် .. သူကျတော့ ကျွန်မကို သဝန်တိုချင်တိုင်းတို .. ချုပ်ချယ်ချင်တိုင်း ချုပ်ချယ်တယ် .. သူ့ကျတော့ ကွ ယ် ရာ မှာ ကျွန်မကို လှည့်စားမနေဘူးလို့ ဘယ်ပြောနိုင်မလဲနော်

ယောက်ျားတွေဟာ မယုံရပါဘူး ဘုံရယ် .. သစ္စာလည်း ရှိကြမှာ မဟုတ်ပါဘူး .."

ပြောရင်း ပြောရင်းနှင့် ဝမ်းပန်းတနည်း ပုံပေါက်လာကာ ကသစ်သည် ရုတ်တရက် ငိုချလိုက်တော့သည် ။ ငိုပုံမှာ လည်း သနားစရာ။ ဘုံ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ရှိုက်ကြီးတငင် ..

"ဟယ် .. မငိုပါနဲ့ ကသစ်ရယ် .. သူက ရှင့်ကို သိပ်ချစ်တာဆို .. ရှင်ကလည်း သူ့ကိုသိပ်ချစ်တာဆို ဘာများ မယုံစရာ ရှိသလဲကွယ် .."

"သူ .. ကျွန်မကို လိမ်ချင်လိမ်နေမှာ .."

ကသစ်သည် ရှိုက်သံကလေးဖြင့် ခပ်အက်အက် ပြောသည် ။

"ဘာဖြစ်လို့ လိမ်မှာ လဲ .."

"ကျွန်မ စိတ်ဆိုး လာပြီ ဘုံရဲ့ .. ကျွန်မ အိမ်ပြန်မှ ဖြစ်တော့မယ် .. သိပ်ငိုချင်တာပဲ .."

"အို .. ပြန်တော့မလား .. မပြန်ပါနဲ့ ဦး .."

"နောက်မှ ပဲ လာခဲ့တော့မယ် ဘုံရယ် .. ခုတော့ ကျွန်မ စိတ်ပြောင်းသွားပြီ .. ကျွန်မ သူ့ကိုလည်း မတွေ့ချင်တော့ဘူး သိလား .."

"ဘာဖြစ်ရပြန်တာတုန်း ကသစ်ရယ် .. ဟိုတစ်လောက ပြောတော့ ရှင်ပဲ ချစ်လှချည်ရဲ့ ဆို .."

"အို .. ဒါပေမဲ့ အချစ်ကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ အမုန်းလောက် အားကောင်းတာ မရှိတော့ဘူး ဘုံ အဲဒါရော ဘုံသိရဲ့ လား .."

ကောင်မလေးရဲ့ မျက်လုံးတွေ နီရဲတင်းမာလာတာ မြင်တော့ ဘုံဟာ အပြစ်မရှိတဲ့ လူတစ်ယောက်အပေါ် မတရားရာ ကျနေပြီလားဟု တွေး

လိုက်မိသေးသည် ။

ဒါပေမဲ့ လူဆိုတာဟာ ကိုယ့်ကိုယ်ကို အပေါ်မှာ တရားမျှမျှတတ ဖြစ်ချင်သလောက် တစ်ဖက်သားအပေါ်တော့ ကိုယ့်လောက် ဦးစားပေး ထည့်တွက်လေ့ မရှိတတ်တဲ့ အမျိုးအစားထဲက မဟုတ်လား။ ဘုံကတော့ ကိုယ့်ကိုယ်ကိုအပေါ် တရားမျှတစွာသာ တွေးချင်ပါသည် ။ ထစ်ချုန်းနှင့် တုန်းကလို နောင်တမျိုး ဒုတိယအကြိမ် ဘုံ ပြန်ပြီး မခံစားချင်တော့။ ဘုံသည် လိုချင်တာကို ရအောင် ယူတတ်ဖို့ ပဲ တွေးတော့မည်။

***

ထိုအချိန်ကစပြီး ကသစ်သည် သူ့အပေါ် စိတ်ခုခဲ့တာ ဖြစ်သည် ။ ဘယ်လောက် တရားမျှတမှု မရှိတဲ့ ယောကျ်ားတစ်ယောက်လဲလို့ ..။ သူမဟာ သူ့လောက်လည်း ဟန်ဆောင် မကောင်းတတ်ပါ။ မိန်းမနှစ်ယောက်ကို တစ်ပြိုင်နက်တည်းမှာ ဆွဲဆောင် ညှို့မြှူထားနိုင်တဲ့ သူ့အစွမ်းအစကိုလည်း ပွင့်ပွင့်လင်းလင်း ဝေဖန်ကဲ့ရဲ့ ရှုံ့ချပစ်တင် နိုင်စွမ်း မရှိပါ။ ထို့ကြောင့် သူမ အလုပ်သင့်ဆုံးမှာ သူ့ကို ရှောင်နေဖို့ ပဲ ဖြစ်သည် ။

သူနှင့် မတွေ့အောင် ရှောင်နေရတဲ့ အလုပ်မှာ တကယ်တမ်းတော့ အင်မတန် ခက်ခဲပါသည် ။ ပြီးတော့ ဘယ်သူမှ မသိအောင် ကြိတ်ငိုရသည် က ပို၍ တနင့်တပိုး ခံစားရပါသည် ။ သူ့ကို ကြာကြာလည်း ရှောင်လို့ မရပါ။ သုံးရက်မြောက်သော နေ့တွင် သူမရှေ့မှ ကားဖြတ်ပိတ်ရပ်လိုက်ကာ စူပုပ်တင်းမာနေသော မျက်နှာထားဖြင့် ကားပေါ်မှ ခုန်ဆင်းလာသော သူ့ကို ရင်ဆိုင်ရသည် ။

"ဘယ်လိုတွေ ဖြစ်နေတာလဲ ကသစ် .. ဘာအချိုးချိုးနေတာလဲ .. ရှောင်လှချည်လား .. အစကတော့ တစ်နေ့တစ်ခေါက် မတွေ့ရရင် မနေနိုင်ဘူးဆိုကွ .."

ကသစ်က သူ့ကို စကားမပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။

"ကသစ် .. ပါးစပ်ဆိုတာ စကားပြောဖို့ ထားတာနော် ပါးစပ်ပါပြီး စကားမပြောတဲ့ လူကို ကိုယ်ဘယ်လောက် မုန်းသလဲဆိုတာ မင်းသိတယ်နော် .."

ကသစ်က နှုတ်ခမ်းတင်းတင်း စေ့ထားကာ သူ့ကို မျက်စောင်းထိုးပစ်လိုက်သည်။

"ဘာတွေ မကျေမနပ် ဖြစ်နေတာလဲ .. ဖွင့်အန်လေကွာ ကျောက်ရုပ်ကြီး လုပ်မနေနဲ့ လေ .. ကိုယ်မကြိုက်ဘူးကွ"

သူက ကားဘောနက်ပေါ် ခုန်တက်ထိုင်ကာ ကသစ်ရဲ့ မျက်လုံးများထံ စူးရဲထွင်းဖောက်ပြီး ကြည့်လေသည်။

"ဘာမှ ပြောစရာမရှိတော့ဘူး .."

"ဟာ .. ဘာမှ ပြောစရာ မရှိတော့ဘူး ဟုတ်လား .. အဲဒါက ဘာအချိုးလဲ .. ကိုယ့်ကို မခို့တရို့တွေ လုပ်မနေနဲ့ နော် .. အကြီးအကျယ်ကြောင်ရင် .. ဘာလဲ သိလား .. တော်ဝင်ကြောင် ဖြစ်သွားလိမ့်မယ် ပြော .. ဘာကို စိတ်ကောက်နေတာလဲ .."

"ဘာမှ စိတ်ကောက်စရာ မရှိဘူး .."

"စိတ်ကောက်စရာ မရှိရင် .. လာ .. ကားပေါ်တက် တစ်ခုခုသွားစားကြမယ် .."

"မစားဘူးဆို .."

"မရဘူး .. စားရမယ် .. လိုက်ခဲ့ .. လာ .. သုံးရက်စာ ကိုယ်လွမ်းနေတာကွ .."

"ရှင့်မိန်းမ ရှင်သွားလွမ်းပါလား .."

ကသစ်သည် သည်းမခံနိုင်တော့ဘဲ မျက်ရည်ရစ်ဝဲကာ အော်ပစ်လိုက်လေသည်။

"အေးလေ .. ဒီမိန်းမကိုပဲ လွမ်းလို့ လာနေတာပဲကွ၊ မင်းဘယ်လိုဖြစ်နေလဲ ကသစ် .. ကိုယ်စိတ်မရှည်တော့ဘူး"

"စိတ်မရှည်လည်း သေလိုက်တော့ .."

ကသစ်သည် ဘောက်ဆတ်ဆတ် ပြောပြီး ဆက်လျှောက်လာခဲ့သည်။ သူက နောက်က ပြေးလိုက် လာပြီး ရှေ့ကနေ လက်ကာ၍ ပိတ်ရပ်ထားလိုက်သည်။

"ဟော့ .. ပြော .. မင်း အသစ်တွေ့နေလို့ ငါ့ကို ခေါက်ချင်တဲ့ သဘောလား .. ဒါမျိုး လုပ်သွားလို့ ရမယ် ထင်သလား ကသစ် .. အမှုန့်ချေပစ်လိုက်မယ် နားလည်လား .. ကိုယ်ဘာမှ မမှားဘဲ ပြဿနာကို မီးမောင်းကြီးထိုးပြီး လိုက်ရှာဖို့ မစဉ်းစားနဲ့ .. မင်း ဦးနှောက်က သေးသေးလေး .. ငါ့ ဦးနှောက်က အကြီးကြီး"

သူသည် ဒေါသထွက်လာလျှင် လက်ပါလာတတ်သည့် ထုံးစံအတိုင်း ကသစ်ကို ပခုံးနှစ်ဖက်မှ တင်းကျပ်စွာ ကိုင်တွယ်ကာ စူးစူးပြင်းပြင်း ပြောသည်။

"ရှင့်ဦးနှောက်ကြီးတာ ကျွန်မသိသားပဲ .. အဲဒီ ဦးနှောက်ကြီးနဲ့ ကျွန်မကို အမျိုးမျိုး နှိပ်စက်နေတာ၊ ပညာပြနေတာ၊ လှည့်စားနေတာ .."

ကသစ်ကလည်း မျက်လုံးစုံမှိတ်ကာ ပြန်အော်ပစ်လိုက်သည် ။ သူက ပို၍ ဒေါသထွက်သွား ကာ ..

"လှည့်စားတယ်ဆိုတာ ဘာလဲ .. မင်းကို လှည့်စားရအောင် မင်းနဲ့ ငါက ဘာတွေလဲ .. ကသစ် မင်းပါးစပ် ပိတ်ထားလိုက်တော့ကွာ .. လာ . . လိုက်ခဲ့"

သူက ကသစ်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲခေါ်သည် ။ ကသစ်က တအားဆောင့်ရုန်းပစ် လိုက်ကာ ထွက်ပြေးလာခဲ့လေသည် ။ ခပ်လှမ်းလှမ်းတွင် အုတ်နီခဲတစ်လုံးကို ခလုတ်တိုက်မိပြီး ကသစ်သည် ဟပ်ထိုးလဲကျသွားတော့သည် ။

"တွေ့လား .. အဲဒါ သူတော်ကောင်းကို စော်ကားပြီး ထွက်ပြေးတာ ချက်ချင်းကို ထိတာပဲ .. ဘယ်နာသွားပြီလဲ .. ထ .. ထ .."

သူဆွဲထူတဲ့ နောက် ကသစ်က အလိုက်သင့်ပါသွားသော်လည်း ခြေထောက်က ရုတ်တရက် မထောက်နိုင် ပွန်းပဲ့သွားတာရော .. ခြေဆစ်ထဲက ဆတ်ဆတ်ခါ နာတာရောဖြင့် ကသစ် မျက်ရည်ကျရလျှင် သူက ကသစ်ကို ပွေ့ခေါ်ပြီး ဆေးခန်းတစ်ခုဆီ မောင်းလာခဲ့သည် ။ အဲဒီဆေးခန်းမှာ ပင် ဆရာဝန်နှင့် ပြဿနာတက်ပြန်သည် ။ ပြဿနာမှာ ဆရာဝန်က သူ လူနာကြည့်သော အခန်းထဲ လူပိုအဝင်မခံ။

"ခင်ဗျား အပြင်ကပဲစောင့်ပါ .. ဒီမှာ ကျွန်တော့် နာ့(စ်)ရှိတယ် .."

ဟု ပြောလိုက်ကတည်းက သူ့မျက်နှာ မှုန်ကုပ်ကုပ် ဖြစ်သွားသည် ။

"ကျွန်တော့်ချစ်သူပဲဗျ .. ကျွန်တော် ဝင်ခွင့်ရှိရမှာ ပေါ့"

"သူဖြစ်တာ သူပြောနိုင်တာပဲ .. ခင်ဗျား အပြင်ကပဲ စောင့်ပါ .. ကျွန်တော် လူနာကြည့်တဲ့ စည်းကမ်းအတိုင်းပဲ နာ့(စ်)တစ်ယောက် ရှိရင်

တော်ပြီ .. လူပိုတွေ ဝင်တာ မကြိုက်ဘူး .."

"ဒါဖြင့်လည်း နေဗျာ .. မပြဘူး .. လာ .. ကသစ် .. တခြားဆေးခန်း သွားမယ်"

သူသည် ဆရာဝန်နှင့် ရန်ဖြစ်ပြီး ဆေးခန်းထဲက ပြန်ထွက်လာသည် ။ ကသစ်က နာလှပြီ။ သူက ဆရာဝန် အရွေးကောင်းဆဲ ..။

"အဲဒီမှာ ပြလိုက်တော့ ဘာဖြစ်လဲ .. ဒီမှာ နာလှပြီ"

"ဆရာဝန်က ကိုယ့်ကိုမှ အဝင်မခံဘဲ .. ကိုယ်ဘယ်စိတ်ချမလဲကွ .. ကိုယ့်ကွယ်ရာမှာ သူက အသားယူပြီး ဟိုကိုင်ဒီကိုင် လုပ်နေမှာ ပေါ့ .."

"အလကားသက်သက် လိုက်သဝန်တိုစရာမရှိ ရှာကြံ သဝန်တိုနေတယ် .. သူကျတော့ မပြောလိုက်ချင်ဘူး"

"မပြောချင်လည်း မပြောနဲ့ .."

သူသည် ခေါင်းမာစွာပင် မိန်းမဆရာဝန် ရှာပြီးမှ ပြသည် ။ ကသစ်သည် သူ့ရဲ့ သဝန်တိုမှုကို မအံ့ဩသော်လည်း ကသစ်ကွယ်ရာမှာ တခြားမိန်းမတစ်ယောက်ကို လက်ထပ်ဖို့ အထိ မျှော်လင့်ချက် ပေးထားနိုင်တာကိုတော့ အတော် အံ့ဩလေသည် ။ ထိုကိစ္စကို ထုတ်မေးဖို့ လည်း သတ္တိမရှိပြန်ချေ။ အဲဒီအချိန်ကစပြီး သူ့ကို သံသယမျက်လုံးဖြင့် ကသစ်စောင့်ကြည့် လာတတ်ခဲ့တော့တာ ဖြစ်သည် ။

သူ ဘာလုပ်လုပ် အကောင်းမမြင်နိုင်တော့။ အယုံအကြည်လည်း မရှိတော့။ သူသည် အလွန် မတရားသော ယောကျ်ားတစ်ယောက် ဖြစ်နေပြီ ။

"ကဲ .. ပြောစမ်းပါဦး .. ဘာကိစ္စ အရူးထပြီး ကိုယ့်ဒုက္ခ ကိုယ်ပြန်ရှာနေရတာလဲ My lady လေး"

သူက ကသစ်ရဲ့ ဆံပင်ကလေးများကို ခပ်ကြမ်းကြမ်း ဖွပစ်ကာ နား မလည်နိုင်သော မျက်နှာဖြင့် မေးသောအခါ ကသစ်သည် ..

"မြယွန်းဘုံကို သိလား .."

ဟု တစ်ခွန်းတော့ မေးဖြစ်သွားခဲ့၏။ အဲဒီမှာ ပိုဆိုးဝါးသော အဖြေ ကို ရခဲ့ပါသည် ။

"အမလေး .. သေလိုက်ပါတော့ .. အဲဒီ မြယွန်းဘုံကို ကားပေါ် တင် ခေါ်မိတဲ့ ကိစ္စအတွက် မင်းက စိတ်ကောက်နေတာကိုး .."

ပြီးတော့ သူက ဟက်ဟက်ပက်ပက် ရယ်လိုက်သေးသည် ။ ဘုရား သခင် .. သူက ဘုံ့ကို ကားပေါ်တင်ခေါ်တဲ့ အဆင့်ကိုတောင် ရောက်နေ ပြီ ..။ ပြီးတော့ အဲဒါကိုလည်း ပြောင်ပြောင်တင်း တင်း ဝန်ခံနေပြီ။

"အဲဒီကိစ္စကို မေ့လိုက်တော့ .. ဒါ ပြဿနာ မဟုတ်ဘူး ကိုယ့် အကြောင်းလည်း မင်းသိသားနဲ့ ကွာ .."

သူက မေ့မေ့ပျောက်ပျောက် နေနိုင်သော်လည်း ကသစ်က မမေ့ပျော က်နိုင်ပါ။ ဘုံ့ရဲ့ အခန်းထဲမှ ဓာတ်ပုံတွေကို ဘယ်လိုမှ မေ့လို့ မရ ..။ က သစ်ရဲ့ ဗီဇကိုက မကျေနပ်တာလေးတွေ ခံစားရသမျှလေးတွေကို ဖွင့် ရှင်းဖို့ ထက် အစိုင်အခဲကလေးတွေ စုစုထားတတ်သည် ။ မျိုသိပ်ပြီး တစ်ယောက်တည်း ကျိတ်ခံစားနေမည်။ သိပ်ကို သည်းမခံနိုင်တော့မှ ရ င်နဲ့ မဆံ့တော့မှ ပေါက်ကွဲထွက်မြဲ ဖြစ်သည် ။

"ကဲ .. လာ .. ကလေးမ .. ကိုယ်တို့ ရထားသံလမ်းပေါ် လမ်းလျှောက် ကြရအောင် .. မလျှောက်ဖြစ်တာ ကြာပြီ .."

"ရအောင် လျှောက်ကြည့်ကွာ .. ကိုယ့်ပခုံးမှာ မှီထားပြီး လျှောက် .."

ကသစ်သည် နာကျင်သမျှကို ကြိတ်မှိတ်မျိုသိပ်ရင်း သူ မတရားဘူး

.. ဟု တဖွဖွ ရေရွတ်ရင်း ရထားသံလမ်းတစ်လျှောက် လမ်းလျှောက်ခဲ့ရသည် ။ ဒီတစ်ခါ မပျော်ပိုက်တာ သိပ်ကို သေချာလေသည် ။

*****

## အခန်း (၄)

ဒုတိယမြောက် ဘုံ့ရဲ့ ပရိယာယ်ကလေးကိုလည်း ဘုံ့ဘာသာ ပြန်သဘောကျနေခဲ့သေးသည် ။ ဒီနည်းကတော့ ဘုံ့ကို ထစ်ချုန်း စသုံးခဲ့သော ပရိယာယ်တစ်ခုလည်း ဖြစ်သည် ။ အဲဒါကတော့ ကက်ဆက်ခွေ တစ်ခုထဲမှာ ဘုံ့အသံဖြင့် ..

သွေး ..

မင်းကို ငါချစ်တယ် .. မင်းရဲ့ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ .. ဥပေက္ခာပြုလွန်းတဲ့ အမူအရာတွေကို ချစ်တယ် .. မင်းရဲ့ အနိုင်ယူမှုတွေကို ချစ်တယ် .. မင်းနဲ့ ကျမှ အရှုံးပေးရတဲ့ ငါ့ကိုယ်ငါတော့ မုန်းတယ် .. မင်းကို ပိုင်ဆိုင်ချင်စိတ်တွေ ဖြစ်လာတဲ့ ငါ့ရဲ့ နှလုံးသားကို ငါမုန်းတယ် ..

မင်းရဲ့ ..

ဆိုသော စာသာလေးတွေ သွင်းထည့်ထားပြီး သူ့ခြံရှေ့က စာတိုက်ပုံး နီနီကလေးပေါ် သွားတင်ထားခဲ့သည် ။ (သူ့အိမ်သည် ဘုံ့အိမ်နှင့်

သိပ်မဝေးပါ) ဒီအခွေကလေးကို သူ မလွဲမသွေ နားထောင်မှာ ပဲ ..။

ဒါဆိုရင် .. သူ ဂရုတစိုက် သတိထားရတော့မည့် မိန်းမတစ်ယောက် တစ်နေရာရာမှာ ရှိနေပြီဆိုတာ သူ သဘောပေါက်ရတော့မည်။ သူ ဘယ်လို တုံ့ပြန်မလဲဆိုတာ ဘုံ အလွန်အမင်း သိချင်သည် ။

သူသည် ဘုံ့တုန်းကလိုပဲ ကက်ဆက်ခွေကလေးကို ဒေါသတကြီး ပစ်ပေါက်ကာ တိတ်သားတွေကို ဆွဲထုတ်ဖျက်ဆီး ပစ်လိုက်မှာ လား သိချင်လှသည် ။ အဲဒီလိုဖြစ်ရမှာ ကိုလည်း စိုးရိမ်ထိတ်လန့်သေးသည် ။

ကက်ဆက်ခွေ ပေးပြီးတဲ့ နောက် သူ့အမူအရာတွေ ဘုံ့အပေါ် တစ်ခု ခုရှိလာမလား မျှော်လင့်ခဲ့သော်လည်း အချည်းနှီးပင် ..။ သူသည် ဘုံ့ကို မြင်တိုင်း ဥပေက္ခာပြုမြဲ ပြုသည် ။ ဘုံသည် သူ့အပြုအမူတွေကို မြင် တိုင်း မချင့်မရဲ ဖြစ်ရသည် ။

သို့သော် တစ်နေ့တော့ ဘုံ့ကို သူ အလေးအနက် ထားလာစေရမည်။ ဘုံ့ရဲ့ ခံစားချက်တွေကို မာယာကွွယ်ကွွယ်ကလေးဖြင့် ရင်ဖွင့်ရာသည် ဓားစားခံကလေးဖြစ်သော ကသစ်သာ ဖြစ်သည် ။

"ကျွန်မ .. သူ့ကို သိပ်ချစ်တယ်ဟယ် .. အဲဒါ ဘယ်လိုလုပ်ရမလဲ မသိ ဘူး .."

ဟု ဘုံက တိုးဖွဖွပြောလျှင် သူမက ဖြူလျော်ပျက်ယွင်းသော မျက်နှာ ကလေးဖြင့် ..

"သူကရော .. ဘုံ့ကို ချစ်သလားဟင် .."

"ချစ်မှာ ပေါ့ .. ဒါပေမဲ့ သူ့မှာ တိတ်တိတ်ပုန်း ရည်းစားရှိနေတယ်လို့ ကျွန်မထင်တယ် .. ကျွန်မကတော့ ခွင့်လွှတ်ပါတယ် .. ယောကျ်ားတစ် ယောက်မှာ အပျော်တွဲဖော် ရည်းစားတစ် ယောက်လောက် အပိုထား

တာ အပြစ်မဟုတ်ပါဘူး .. တစ်နေ့ကျတော့ ကျွန်မကို သူ လက်ထပ်ရင် ပြီးတာပဲ .."

ထိုစကားသည် သူမအတွက်တော့ ထိရောက်သော လက်နက်တစ်ခု ဖြစ်မှာ အသေအချာပဲ ဖြစ်သည် ။ ဘုံကံကောင်းသော အချက်မှာ သူမသည် အယုံလွယ်သူကလေးလည်း ဖြစ်ပြီး ရည်းစားလုပ်သူကို ပွင့်ပွင့်လင်းလင်း ရန်လုပ်ဖို့ သတ္တိမကောင်းရှာသူကလေး ဖြစ်နေခြင်းပင်တည်း ..။

"ဟဲ့ .. နေပါဦး .. ရှင်တို့ ကရော .. ဘယ်တော့ လက်ထပ်ကြမှာ လဲ .. "

သူမက ထိုမေးခွန်းအတွက် အလန့်တကြား ဖြစ်သွားပုံရပါသည် ။ သက်ပြင်းကလေး တစ်ချက်ချကာ ..

"လက်ထပ်ဖြစ်ချင်မှ ဖြစ်မှာ ပါ .. ကံကြမ္မာဆိုတာ မယုံရဘူး ဘုံရဲ့ .. ရှေ့ရေးကို ကြိုမတွေးရဲပါဘူး .."

ဟု တိုးတိတ်စွာ အဖြေပေးလေသည် ။

ဘုံက နှစ်နှစ်ခြိုက်ခြိုက်ပင် ပြုံးမိသည် ။ တစ်စုံတစ်ယောက်ကို လှေကားထစ်သဖွယ် အသုံးပြုပြီး ကိုယ့်အောင်မြင်မှုအတွက် သူတစ်ပါးအပေါ် နင်းလျှောက်ရသော အလုပ်ကို ဘုံ သိပ်မနှစ်မြို့ပေမယ့် .. အဲဒီလမ်းကိုပဲ ဘုံ ရွေးချယ်ရမည်။ ဘုံ့မှာ တခြားရွေးစရာ လမ်းမရှိချေ။ သူက ဘုံ့ဘက်မှာ ရှိမနေ ..။

"ထားပါတော့လေ .. ကသစ်ရဲ့ ဟန်းနီးကလေးနဲ့ ဘုံ့ကို မိတ်ဆက်ပေးပါလား .. ပျင်းစရာကြီး .. စကားလေးဘာလေး ပြောရအောင် .."

"ဟင့်အင်း .. ဟင့်အင်း .."

သူမက မျက်စိစုံမှိတ်ကာ ခါးခါးသီးသီး ငြင်းဆန်လေသည် ။

ဘုံက သဘောကျစွာ ရယ်မောပြီး ..

"အမလေးဟဲ့ .. အဖြစ်က သည်းနေလိုက်တာ .. လူချင်း ပေးမတွေ့လည်း နေပါဟယ် .. ဖုန်းထဲကပဲ မိတ်ဆက်ပေးပါ .. တကတည်းမှ ပဲ .. ဖုန်းဆက်လိုက် .. သွား .. ကျွန်မနဲ့ မိတ်ဆက်ပေး .."

သူမက စိတ်မပါ့တပါ ထကာ ဖုန်းဆီ လျှောက်သွားသည် ။ ဖုန်းနံပါတ်များ သည် ဖုန်းထဲမှာ ပြန်ပေါ်ပြီး နောက်ထပ် ဖုန်းတစ်ခု ထပ်မနှိပ်မချင်း ဖုန်း Record ခွက်ကလေးထဲတွင် ထင်ကျန်နေမှာ ကို သူမကလေး သဘောထားမိချင်မှ သဘောထားမိမှာ ဖြစ်သည် ။

"မရှိဘူးတဲ့ .. အပြင်ထွက်နေတယ် .."

သူမက စိတ်သက်သာရာ ရသွားသော မျက်နှာကလေးဖြင့် ပြန်လှည့်လာသည် ။ သို့သော် ကိစ္စမရှိ။ အဲဒီနည်းဖြင့် ဘုံက သူ့ရဲ့ ဖုန်းနံပါတ်ကို ရခဲ့တာဖြစ်ပါသည် ။

***

တတိယမြောက် ဘုံ့ရဲ့ ပရိယာယ်ကတော့ ရိုးရိုးကလေးပါပဲ ..။ ကသစ် လှည့်ထားသော ဖုန်းနံပါတ်ကလေးက Record တွင် ကျန်ရစ်ခဲ့ပြီမို့ Redial ခလုတ်ကလေး ပြန်နှိပ်လိုက်ရုံဖြင့်ပင် သူ့ဆီ ဖုန်းခေါ်ခွင့်ရခဲ့သည် ။

"ဟယ်လို .."

"သွေးလား .."

"ဟုတ်တယ် .. ဘယ်သူလဲ .."

"ကိုယ်ပါ .. ကက်ဆက်ခွေ နားထောင်ပြီးပြီလား .."

"မင်းအခွေကို ကိုယ်ဖျက်ဆီးပစ်လိုက်ပြီ .. ကိုယ်ပြောတာ နားထောင် .. မင်း ဘယ်သူလဲ ဘာလဲဆိုတာ ကိုယ်စိတ်မဝင်စားဘူး .. မင်းကို ကိုယ် မလိုအပ်ဘူး .. ဒါပဲ .."

ဖုန်းကို ဆောင့်ချသွားလျှင် ဘုံ တောက်ခတ်လိုက်မိသည် ။ ကြည့်စမ်း .. ဘုံကြိုးစားသမျှ အချည်းနှီးဖြစ်အောင် သူလုပ်သင့်သလား ..။ အချစ်ဆိုတာကို ဘယ်လို မောက်မာရိုင်းပျမှု မျိုးနဲ့ မှ တားဆီးရိုက်ချိုးပစ်လို့ မရဘူးဆိုတာ သူ သဘောမပေါက်ဘူးလား။

ဘုံဟာ အချစ်ကြောင့်ပဲ တစ်သက်လုံး စောင့်ထိန်း လွှမ်းခြုံထားခဲ့တဲ့ ဣန္ဒြေသိက္ခာ ဝတ်ရုံကြီးကို ကိုယ်ပေါ်ကနေ ခွာချပစ်ခဲ့ရတာ ..။ ဘုံ စွန့်စားသမျှအတွက် အနည်းအကျဉ်းတော့ ဘုံ ပြန်ရသင့်တာပေါ့ ..။

ဘုံသည် နောက်တစ်ကြိမ် ဖုန်းထပ်ခေါ်သည် ။ သူ ကိုင်သည် ။ တခြားတစ်ယောက်ရဲ့ ဖုန်းလို့ ထင်၍ ဖြစ်မည်။

"ဟယ်လို .."

"သွေး .. ခဏလေး .. ကိုယ်ပြောစရာ .."

ခွပ်ခနဲ ဖုန်းချသွားသည် ။ ဘုံသည် တော်တော်ခံပြင်းလာသည် ။ နောက်တစ်ကြိမ် ထပ်ဆက်သည် ။ ဖုန်းမြည်သံရှည်သာ ကြားရသည် ။ ထပ်မကိုင်တော့ ..။ ဘုံသည် အကြိမ်ပေါင်းများ စွာ ထပ်ဆက်သည် ။ အကြိမ်ပေါင်း ငါးဆယ်ကျော် သွားသည် ။ တစ်ဖက်က ကိုင်ကို မကိုင်တော့။

ဘုံသည် ဖုန်းကို ခပ်လှမ်းလှမ်းကို ပစ်ပေါက်ပစ်လိုက်သည် ။ ထို့နော

က် ဆံပင်များကြားထဲ လက်ထိုးသွင်းပစ်လိုက်ကာ စိတ်ဆိုးစွာ ဆဲရေး ပစ်လိုက်သည် ။

"Son of bitch .."

ဘုံသည် ရှက်လည်း ရှက်၏။ နာလည်း နာသည် ။ သို့ပေမဲ့ အဲဒါကြောင့်တော့ အချစ်က ပြယ်မသွားပါဘူး။ သူဘယ်လောက်ပဲ လျစ်လျူရှုနိုင်စွမ်း ရှိပေမယ့် သူ့ဆီက ယုယကြင်နာမှုကို တောင်းပြီး ထစ်ချုန်းနေရာမှာ အစားထိုးချင်တာကလည်း ပျောက်မသွားပါဘူး ..။

ထစ်ချုန်းနှင့် ရခဲ့သော ဘဝကို မမေ့သော်လည်း ဒီတစ်ခါဘဝကို အသစ်က ပြန်စလျှင် ဘုံ လက်တွဲရမည့် လူမှာ "သွေး" ပဲ ဖြစ်လိုသည် ။

***

ကသစ်သည် သွေးကို ထုတ်မေးဖို့ အကြိမ်ကြိမ် ကြိုးစားသည် ။ သို့သော် ဘယ်ကစပြီး ဘယ်လို မေးရမယ်မှန်း မသိ။ ထုတ်မေးရပြီဆိုတာနဲ့ ရန်ဖြစ်ရတော့မည်။ သူနဲ့ ရန်ဖြစ်ရမှာ ကြောက်၏။ မူးနောက်သွားအောင် လူကို ကိုင်ဆောင့်ပစ်သည့် ဒဏ်ကို မခံနိုင်။ သွေးက ရက်စက်ပြီဆိုလည်း နှစ်ယောက်မရှိ ..။

တစ်နေ့တော့ တအုံနွေးနွေး ခံစားနေရသော ဝေဒနာကို ဖွင့်အန်ဖို့ ပြဿနာတစ်ခု ပေါ်ပေါက် လာခဲ့လေသည် ။ ပြဿနာမှာ ကသစ်ရဲ့ ငယ်ငယ်ကတည်းက ကျောင်းနေဖက် သူငယ်ချင်းနှင့် တရင်းတနှီး နှုတ်ဆက်စကားပြောခြင်းမှ စပါသည် ။

သူသည် တခြားယောက်ျားက ကသစ်ကို ကြည့်တာတောင် ဆတ်ဆ

တ်ထိမခံတတ်သူ ဖြစ်ရာ ထိုသူငယ်ချင်းက ကသစ်လက်ကို အမှတ်တမဲ့ ဖမ်းဆွဲကာ စကားစမြည် ပြောဆဲ သူက ကသစ်သူငယ်ချင်းရဲ့ မေးရိုးတည့်တည့်ဆီ လက်သီးဖြင့် ခွပ်ခနဲ ထိုးချပစ်လိုက်တော့သည် ။

"ဟာ .. မင်း ငါ့ကို ဘာလို့ ထိုးတာလဲ ဟေ့ကောင်"

"မင်းဘာဖြစ်လို့ .. ငါ့ရည်းစားရဲ့ လက်ကို ကိုင်ထားသေးလဲ .."

သူက ကြွပ်ဆတ်ဆတ် ပြန်မေး၏။ ကသစ်မှာ ကြားကနေ သူငယ်ချင်းကို အားနာကာ မျက်နှာပူရသည် ။

"ဒုက္ခပါပဲ ကျော်ဇောရယ် .. ငါ တောင်းပန်ပါတယ် သွေး .. ဘယ်လို လုပ်လိုက်တာလဲဟင် .. ရှင် တော်တော်လွန်နေပြီ သိလား .."

"မင်း .. ငါ့ကို အပြစ်မတင်နဲ့ ကသစ် .. မင်းဘေးမှာ ဘယ်ယောကျ်ားမှ ငါမတွေ့ချင်ဘူးလို့ မင်းကို ပြောထားတယ် မဟုတ်လား .."

"ကသစ် .. ငါ သွားတော့မယ် .. နင့်ရည်းစားဆိုလို့ ငါ အသားလွတ် အထိုးခံရတာကို သည်းခံလိုက်တာ အဲဒီလောက် သဝန်တိုစရာ မလိုဘူး .. ကိုယ့်လူ ကိုယ် ဆုံးမထားဦး .."

"ဟေ့ကောင် .. မင်းက ဘာဖြစ်ချင်လဲ .. လာစမ်းပါ .. ဟေ့ကောင် .."

သူသည် ကျော်ဇောကို အတင်းရန်လုပ်နေသဖြင့် သူမက အတင်းအကြပ် ဖမ်းဆွဲထားရသည် ။

"တော်ပါတော့ .. ရှင်ကလည်း လွန်သေးတဲ့ ဥစ္စာ .."

"ဘာလွန်ရမှာ လဲ .. ဘာမှ မလွန်ဘူး ကသစ် .. မင်း အနေအထိုင် ဆင်ခြင်ပါနော် .. ကိုယ် ဘာသံမှ မကြားချင်ဘူး .. ဘယ်ယောကျ်ားနဲ့ မှ လည်း အရောမဝင်နဲ့ .. စကားမပြောနဲ့ .. ကိုယ်မကြိုက်ဘူး .. နားလည်

လား .."

ကသစ်က မဲ့မဲ့ရွဲ့ရွဲ့ကလေးပင် တုံ့ပြန်လိုက်သည်။

"ဪ .. တော်တော်တရားတယ် .. သူ့ကျတော့ ကွယ်ရာမှာ ရှုပ်ချင်တိုင်း ရှုပ်နေပြီးတော့ .. သူများကျတော့ လာပြီး ပိတ်ပင်ချုပ်ချယ် ချင်နေတယ် .."

"ဘာရှုပ်လဲ .. ဘာရှုပ်လဲ .. စကားပြောတာ ကြည့်ပြောနော် ကသစ် .. ကိုယ့်ကို ရန်မစနဲ့ .."

"မသိဘူးများ အောက်မေ့နေလား .."

"ဟာ .. ဗလာချီကြီး ခွပ်နေပါလား .. ကဲ .. ပြော .. သက်သေအထောက်အထားနဲ့ ပြောစမ်း .. မပြောနိုင်ဘဲနဲ့ .. ကိုယ့်သိက္ခာကို မင်း မစော်ကားရဘူး မင်းကွယ်ရာမှာ ကိုယ် ဘာရှုပ်နေသလဲ .. ပြော .. မင်းမှာ ဘာအထောက်အထားတွေ ပြနိုင်သလဲ .. ကဲ .."

ကသစ်သည် .. သူ အဲဒီလောက်တောင် မျက်နှာပြောင် တိုက်ရသလားဟု မခံမရပ်နိုင် လောက်အောင် ဖြစ်ရသည်။

"မိန်းမတစ်ယောက်နဲ့ ရှင် လက်ထပ်ဖို့ အထိ ရည်ရွယ်ထားတယ် မဟုတ်လား .. သွေးရဲ့ .. အဲဒါကို ကျွန်မက သဝန်မတိုရဘူးလား .."

"အေးလေ .. ကိုယ်လက်ထပ်မယ့် မိန်းမက မင်းပဲ ကသစ်ရဲ့ .. မင်းသဝန်တိုချင်ရင် မင်းကိုယ်မင်းပဲ ပြန်တိုရမှာ ပဲ .."

"မယုံဘူး .. လိမ်မနေနဲ့ .. လိမ်မနေနဲ့ .. သွေး ရှင် မိန်းမနှစ်ယောက်လုံးကို လှည့်စားမနေသင့်ဘူး သိလား .. လက်မထပ်နိုင်ဘဲ ကျွန်မကို တွဲနေမယ့်အစား အဆက်ဖြတ်လိုက်တော့ .."

ကသစ်သည် ရှိုက်ကြီးတငင် ငိုချပစ် လိုက်လေသည် ။

"လာပြန်ပြီ .. ပြောပြန်ပြီလား အဆက်ဖြတ်စကား ဒီတစ်ခါ ရေကန်ထဲ တွန်းချပစ်ပြီးရင် မဆယ်ဘူးနော် ကသစ် .. မင်း သက်သက် ငါ့ကို ပြဿနာလုပ်နေတာ .."

"ပြဿနာလုပ်နေတာက ကျွန်မ မဟုတ်ဘူး .. ရှင် လုပ်နေတာ .."

"ဟာ .. စိတ်မရှည်တော့ဘူး .."

သူသည် ကသစ်ကို ဆောင့်တွန်းချပစ်လိုက်သဖြင့် သူမ နောက်ပြန်လဲကျသွားသည် ။

"ငါ့အချစ်ကို မင်း ဘယ်တော့မှ မစော်ကားနဲ့ .. ငါမှန်တယ် .. ငါမှန်တယ်ကွ .. ငါမှန်နေသရွေ့ ဘယ်သူ့မျက်နှာကိုမှ မထောက်ဘူး .."

"ရှင်မမှန်ဘူး .. ရှင်မှားနေတယ် .."

"တိတ်စမ်း .. ငါ့ကို လမ်းခွဲချင်တိုင်း မင်း ငါ့ကိုယ်ပေါ်မှာ အမည်းစက် လိုက်ရှာနေတာ .. မရဘူး .. ငါ အဖြူရောင်နဲ့ နေနေတာ .. မင်း ဘယ်လိုအရောင်တုမှ ဆိုးလို့ မရဘူး .. မင်း မသေမချင်း ငါ့ကို လမ်းခွဲဖို့ မကြိုးစားနဲ့ .. ဘယ်တော့မှ ကွဲလို့ မရဘူး နားလည်လား .."

သူကပင်တစ်ပြန် ဒေါသတကြီး ဖြစ်နေသည် ။ သူ့မျက်လုံးတွေထဲက မီးပွင့်တော့မလား ထင်ရလောက်အောင် အခိုးအလျှံတွေ တောက်လာလျှင် ကသစ်သည် အကြောက်ဓာတ်ခံရှိသူပီပီ ဆက်မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်ခြင်းဖြင့်သာ ပြဿနာဆီမှ အရှုံးဖြင့် ထွက်ပြေးရပြန်သည် ။

သူက မှန်တယ်တဲ့ ..။ ကသစ်ကရော မှားနေသလား ..။ မမှားဘူး ..။ ကသစ်လည်း မှန်တယ် ..။

"လာ .. ထ .. နောက်ကို ပြဿနာမရှာနဲ့ .."

သူက လဲကျနေသော ကသစ်ကို ဆွဲထူပေးလိုက်သည် ။ ကသစ်သည် အောင့်ခံရပါများ သဖြင့် မြဲနေသော ဒဏ်ရာကြီးတစ်ခုလို ရင်ထဲမှာ အ တွင်း လှိုက်စား၍ လာသည် ။ တစ်နေ့တော့ အဲဒီ ဒဏ်ရာကြီးဟာ သွေး စိမ်းရှင်ရှင်နဲ့ ပွင့်ထွက်တော့မှာ ပဲ ..။

"ကိုယ်က မင်းနဲ့ ပတ်သက်ရင် တစ်ဖက်စွန်းထိ ရောက်ချင်လည်း ရောက်မယ် ကသစ် .. အစွဲအလမ်းလည်း ကြီးမယ် အဲဒါကို မင်း သိထား ဖို့ လိုတယ် .. ဘယ်လိုကြားစကားမျိုးကိုမှ မင်းယုံမနေနဲ့ .. ကိုယ် .. မင်း ကလွဲပြီး ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး .. ဒါပဲ .."

မယုံဘူး .. မယုံတော့ဘူး .. ။ သွေး ဘယ်လောက်ပဲ ပြောပြော ကသစ်မယုံတော့ဘူး ..။ သွေးမှာ ဝှက်ဖဲတစ်ချပ် ရှိနေတယ်ဆိုတာ ကသ စ်က သိနေပြီ ..။ သွေးဟာ ကသစ်ကို လှလှပပ လိမ်လည် လှည့်စားနေ တယ်ဆိုတာ ကသစ် ကောင်းကောင်း သိနေပြီ ..။ အဲဒီပြဿနာကို ဘယ် လို ကိုင်တွယ်ဆုံးဖြတ်ရမလဲ ဆိုတာသာ မသိသေးတာ ..။ ဒါပေမဲ့ တစ် နေ့နေ့တော့ ကသစ် ဘာဖြစ်ရမယ် ဆိုတာ အဖြေထွက်လာမှာ ပဲ ..။ က သစ်ဟာ ခပ်တုံးတုံး မိန်းမတစ်ယောက် ဖြစ်နေလို့ သာ ကိုယ့်ချစ်သူထံ မှာ ရော .. ကိုယ့်လက်ထဲက ကိုယ့်ချစ်သူကို လုယူမယ့် မိန်းမထံမှာ ပါ အညံ့ခံနေရတာ ..။

မျိုသိပ်ထားသမျှတွေဟာ ပေါက်ကွဲဖို့ အစပျိုးနေတာပဲ ...။ အခုထက် ထိတော့ ဆက်ပြီး မျိုသိပ်နေရဦးမှာ ပဲ။ ဒါပေမဲ့ သည်းမခံနိုင်တဲ့ တစ်နေ့ ကျရင်တော့ ကသစ်က ပြန်လှည့်ကြည့်စရာ မလိုတော့အောင် အစတုံး လုပ်ရမှာ ပဲ ...။ အဲဒီအခြေအနေရောက်ဖို့ သတ္တိရှိဖို့ သာ လိုသည် ။ သ တ္တိကို တဖြည်းဖြည်း မွေးမြူတတ်လာသည် ။

ခုတောင်ကြည့် ..။ သွေးကို အာခံရဲလာခဲ့ပြီ။ အသားအနာခံပြီးတော့ကို တော်လှန်ဦးမည်။ သွေးရဲ့ မတရားမှုတွေကို တွန်းလှန်ပစ်ဦးမည်။

***

"မင်းကို ကိုယ် စိတ်မဝင်စားဘူး .. ဂရုမစိုက်ဘူးလို့ ဘယ်နှခါပြောရမလဲ .."

"သွေး .. မကြာခင်မှာ မင်း ကိုယ့်ကို စိတ်မဝင်စားလို့ မရတော့ဘူး .. သိလား .."

ဒီတစ်ကြိမ်တော့ .. ဘုံကပဲ ဦးအောင် ဖုန်းချပစ်လိုက်သည် ။ ဘုံ့ကို ဘယ်လိုနည်းနှင့်မှ ဂရုမစိုက်ဘဲ မလှုပ်မချောက် နေနိုင်သော သူ့ကို လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် လှုံ့ဆော်ဖို့ နည်းလမ်းတစ်လမ်းသာ ဘုံရှာတွေ့တော့သည် ။ အဲဒါကတော့ ဘုံ သူ့ကို ရန်စဖို့ ပဲ ဖြစ်သည် ။ ဒေါသကြီးပြီး သွေးဆိုးတတ်သော ယောကျ်ားတစ်ယောက်ကို ရန်စဖို့ဆိုတာ အတော် အန္တရာယ်များ မှန်းလည်း ဘုံ သိသည် ။

သို့သော် ဘုံ့စိတ်ထဲမှာ သူ လူရာမသွင်းတဲ့ အတွက် ခံပြင်းရတာထက် ရန်ဖြစ်လိုက်ရတာကမှ အရသာရှိသေးသည် ။ အခုတော့ ဘာလုပ်လုပ် သတ္တိတွေရှိ လာပြီ ...။ ဘုံသည် သူ မသိအောင် မှုတ်ဆေးဘူး အနီတစ်ဘူး ဝယ်လိုက်ပြီး သူ့ခြံရှေ့မှာ ရပ်ထားသော ကားဝါဝါ၏ ရှေ့ဘောနက်တွင် အနီရောင် ကြက်ခြေခတ်တစ်ခုကို စွန့်စွန့်စားစား သွားမှုတ်ပစ်ခဲ့သည် ။ မှတ်ထား .. ဘုံ့ကို လူတစ်ယောက်ရှိနေတယ်လို့ အသိအမှတ် မပြုတဲ့ လူ ..။

သူ ဆွေ့ဆွေ့ခုန်လောက်တဲ့ အချိန်ကို မှန်းပြီး ဘုံ သူ့ဆီ ဖုန်းခေါ်လိုက်သည် ။ သူ့အသံမှာ ဒေါသဖြင့် တရှူးရှူးတောင် မြည်နေသည် ။

"မင်း ဘယ်သူလဲ .. ဘယ်သူလဲ .. ပြောစမ်း .. ဘာရန်ငြိုးနဲ့ မင်း .. ငါ့ကို နှောင့်ယှက် နေတာလဲ .. ငါ့ကားကို ဆေးမှုတ်သွားတာ မင်းပဲ မဟုတ်လား .. မင်း ဘယ်သူလဲ ငါသိချင်တယ် .. တောက် .. မင်းကွာ .. ငါ ဒီလောက် တန်ဖိုးထားတဲ့ ငါ့ကားကိုမှ ဒါ .. သက်သက် စော်ကားတာကွ .. မင်းနဲ့ ငါ တွေ့ချင်တယ် .. တွေ့မှ ဖြစ်တော့မယ် .."

အဲဒါဆိုရင် ဘုံ့လုပ်ရပ် အောင်မြင်ပြီဟု ယူဆလို့ ရပါပြီ ...။

"တွေ့ရမှာ ပေ့ါ သွေးရယ် .. သိပ်တော့ မလောနဲ့ ပေ့ါ မင်းနဲ့ ကိုယ့်ကြားမှာ ဘာရန်ငြိုးမှ မရှိပါဘူး .. ကိုယ်က မင်းနဲ့ မိတ်ဆွေ ဖြစ်ချင်တာပါ .. မင်းက ကိုယ့်ကို လုံးဝ အရေးမစိုက်တဲ့ ပုံစံချိုးတော့ .. ကိုယ် ခံပြင်းတာပေ့ါ .."

"ဟေ့ကောင် .. စကားများ မနေနဲ့ .. မင်းနဲ့ ငါ ခုတွေ့မယ် .. အခု .. ငါ ဘယ်ကိုလာရမလဲ .. ပြော .."

"ကောင်းပြီ .. မင်း စကိတ်စီးနေကျ လမ်းထဲ လာခဲ့ .."

ခွပ်ခနဲ ဖုန်းချသွားသည် ။ ဘုံသည် သူနဲ့ တွေ့ဖို့ ကို အတော်စိတ်လှုပ်ရှားနေသည် ။ ဘုံသည် သူ့ဆီသို့ ဘယ်ပုံဘယ်နည်းနှင့် လှပစွာ ချဉ်းနင်းဝင်ရောက် ရမလဲဆိုတာကို ကြိုတင် အကွက်ချထားခဲ့ပြီး ဖြစ်၏။

*****

# အခန်း (၅)

သူသည် ဘုံ့ကားကို မြင်တာနှင့် သူ့ကားပေါ်မှ လွှားခနဲ ခုန်ဆင်းလာသည် ။ အကွက်လှလှ အင်္ကျီတစ်ထည်ကို ခါးပေါ်မှာ ဖြစ်သလို ပတ်ချည်ထားပုံက မိုက်တိမိုက်ကန်း ဆုံးဖြတ်တော့မည့် လူတစ်ယောက်ပုံ ပေါက်နေသည် ။ မျက်နှာသည် ညိုမည်းမှုန်ကုပ်နေသည် ။

သူ ဘယ်လောက် ဒေါသထွက်နေသလဲ ဆိုတာ မြင်ရုံနှင့်ပင် သိသာပါသည် ။ ဒါကြောင့်ပဲ သူ့ကို ကသစ်နီက သိပ်ကြောက်ရတာ ..။

ထို့နောက် သူသည် ဘုံမျှော်လင့်မထားသော တုံ့ပြန်မှု တစ်ခုကို လျှပ်တစ်ပြက်အတွင်းမှာ ပင် ဖိုးဖိုးဖက်ဖက် လုပ်ပစ်လိုက်သည် ။ အဲဒါက တော့ ဘုံ့ကားအဖြူကလေးကို သူ့ခါးနောက်ကျောမှာ အဆင်သင့်ထိုးလာသော မှုတ်ဆေးဘူးအနီဖြင့် တရှီးရှီး စိတ်တိုင်းကျ မှုတ်ပစ်လိုက်ခြင်းပင် ဖြစ်သည် ။

ခဏတွင်းချင်းပင် ဘုံ့ကားဖြူကလေးသည် မှုတ်ဆေးအနီစင်းများ ဖြင့် ပေပွညစ်ပတ်သွား တော့၏။ သူသည် မှုတ်ဆေးဘူးကို ခပ်လှမ်းလှမ်းသို့ ပစ်ပေါက်လိုက်ပြီး ဘုံ့မျက်နှာကို လက်ညှိုး တည့်တည့်ထိုးကာ ..

"မင်း .. ဒီမြို့က ထွက်သွားတော့ .."

ဟု အမိန့်ပေးသည် ။ ဘုံ ဝမ်းနည်းသွားသည် ။ စိတ်လည်း တိုသွားကာ ..

"ထွက်မသွားဘူး ဆိုရင်ကော .."

"မင်းကို မိန်းမမို့လို ငါ သည်းခံလိုက်တာ .. နို့မို့ကတော့ .. မင်း စိစိ ညက်ညက်ကြေပြီး မင်းကို တစ်နေ့နေ့မှာ ငါ့လက်နဲ့ နာအောင် မလုပ်မိခင် မင်း ဒီမြို့က ထွက်သွားတာ အကောင်းဆုံးပဲ .. ငါပြောနေတယ်"

"ဟင့်အင်း .. ကိုယ်ထွက်သွားလို့ မဖြစ်အောင် .. ခိုင်လုံတဲ့ အကြောင်းအရာတွေ .. ကိုယ့်ဆီမှာ ရှိနေတယ် သွေး .. ဒါတွေကြောင့် .. ကိုယ်ဒီမှာ ဆက်နေရဦးမယ် .."

ဘုံသည် ကြိုတင် ရည်ရွယ်လာသည့်အတိုင်း ထစ်ချွန်းရဲ့ ဓာတ်ပုံတွေကို သူ့ဆီသို့ လှမ်းပေးလိုက်သည် ။ သူက လှမ်းမယူသဖြင့် ဓာတ်ပုံတွေ လမ်းမပေါ် ပြန့်ကျဲကျကုန်သည် ။ သူသည် လမ်းမပေါ်က ဓာတ်ပုံတစ်ပုံကို အမှတ်တမဲ့ ငုံ့ကြည့်ပြီး တအံ့တသြ ဖြစ်သွားသော မျက်နှာမျိုးဖြင့် ..

"ဒီကောင် ဘယ်သူလဲ .. ဘယ်က ကောင်လဲ .."

ဟု ကမန်းကတန်း မေးသည် ။ ဘုံသည် ဓာတ်ပုံများကို တစ်ပုံချင်း ပြန်ကောက်ကာ ..

"အဲဒီအကြောင်းတွေ မင်းကို ကိုယ်ပြောပြချင်နေတာပါ .. ကိုယ့်ကို ပြောခွင့်ပေးပါ .. မင်းလည်း စိတ်ဝင်စားမှာ ပါ .."

သူ ခဏငြိမ်သွားကာ ..

"ကောင်းပြီလေ .. ငါနဲ့ သိပ်တူတဲ့ လူတစ်ယောက် အကြောင်းဆိုတော့ ငါသိရမှာ ပေါ့ .."

ဟု ခွင့်ပြုလိုက်သည် ။

ဘုံတို့ နှစ်ယောက်သည် ရယ်စရာ ကောင်းလောက်အောင် ဆေးမှုတ်ခံထားရသော ကားကိုယ်စီဖြင့် စားသောက်ဆိုင် တစ်ဆိုင်သို့ ရောက်ရှိ

လာခဲ့သည် ။ ဘာပဲဖြစ်ဖြစ် သူနှင့် ဘုံသည် ပြောင်းလဲခြင်း တစ်ခုဆီသို့ ရောက်ရှိတော့မှာ တော့ အသေအချာပဲ ဖြစ်သည် ။

ဘုံပြောပြသော အဖြစ်အပျက်တို့ သည် ..

*****